ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး**

တတိယနေ့မှတ်တမ်း

**၁၃၇၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၇ ရက်**

**( ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၁၈ ရက် )**

**[ ဗုဒ္ဓဟူးနေ့]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး တတိယနေ့ အစီအစဉ်ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူး အဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း**

**အချိန်၊ ၁၀း၀၂။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်က စပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ တတိယနေ့ အစီအစဉ် စတင်ပါတော့မယ်ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမ အကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး တတိယနေ့မှာ လွှတ်တော် အခွင့်

အရေး ကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၁၅)ဦးရှိပြီး ဒီကနေ့အစည်းအဝေးကို (၁၈၉)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၈၇.၉၁)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသား လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသား လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန် အစည်းအဝေးရဲ့ တတိယနေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေ ထားပြီး ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ**။ ။ ဒီကနေ့ ခွင့်ပန်ကြားတဲ့ လွှတ်တော်ကိုယ်စားလှယ်များရဲ့ ခွင့်ပန်ကြားမှုကို ဖတ်ကြားတင်ပြပါမယ်။

ဦးသက်နိုင်ဦး၊ ပဲခူး(၆)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစိုးမြင့်၊ မကွေး(၆)၊ ကျန်းမာရေး။ ဒေါက်တာစိုးဝင်း၊ မွန်(၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမြင့်လှိုင်၊ ရခိုင်(၁၂)၊ ပြည်ပခရီးစဉ်။ ဦးအောင်သန်း၊ မကွေး(၁၀)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးညွန့်လှိုင်၊ ဧရာဝတီ(၄)၊ ကိုယ်တိုင် ဆောင်ရွက်ရန်။ ဦးတင်မြင့်၊ ပဲခူး(၃)၊ ဆေးစစ်ရန်။ ဒေါက်တာခင်မောင်လေး၊ ပဲခူး(၈)၊ ကျန်းမာရေး။ ဦးရဲမြင့်၊ ပဲခူး(၄)၊ ကျန်းမာရေး။ ဦးနေဝင်းထွန်း၊ ရှမ်း(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးတင်မြ၊ စစ်ကိုင်း(၇)၊ ဆေးစစ်ရန်။ ဒေါ်ခင်ဝိုင်းကြည်၊ ရန်ကုန်(၁)၊ ကျန်းမာရေး။ ဦးဂျေယောဂူ၊ ကချင်(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်တို့ ဖြစ်ပါတယ်။

ယခု တင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာ ပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော်(၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး တတိယနေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ (၂၁၅)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁၃)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁၃)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ(၂၆)ဦးဖြစ်ပြီး ခွင့်မဲ့ ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ) အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## ၁၉၄၉ ခုနှစ်၊ ပြည့်တန်ဆာနှိပ်ကွပ်ရေး အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်က ဆွေးနွေးခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ၁၉၄၉ ခုနှစ်၊ ပြည့်တန်ဆာနှိပ်ကွပ်ရေးအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဆွေးနွေးရန် အမည်စာရင်းတင်သွင်းထားတဲ့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဖုန်းမြင့်အောင် ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၆။**

**ဦးဖုန်းမြင့်အောင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီဥပဒေပြင်ဆင်ချက်ကို အမျိုးသားလွှတ်တော်မှာ တင်သွင်းတဲ့အခါမှာ ကျွန်တော်က ကန့်ကွက်ခဲ့ပါတယ်။ ကန့်ကွက်ရတဲ့အကြောင်းအရင်းဟာ ဒီဥပဒေဟာ ခေတ်စနစ်နဲ့မလျော်ညီတဲ့အတွက် ပြင်ဆင်ဖို့မသင့်ဘဲနဲ့အသစ်ကျွန်တော်တို့ မူဝါဒအသစ်များနဲ့ ကျွန်တော်တို့ အသစ်ပြန်လည်ရေးဆွဲသင့်ကြောင်း ကျွန်တော်ယုံကြည်တဲ့အတွက် ကန့်ကွက်ခဲ့တာ ဖြစ်ပါတယ်။ ဒီဥပဒေဟာ ဘာကြောင့်အသစ်ပြန်လည်ရေးဆွဲသင့်ကြောင်း နောက်ကြောင်းအခြေခံများကို ကျွန်တော် တင်ပြရှင်းလင်းမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လွန်ခဲ့တဲ့နှစ်မကြာခင်လောက်က ရန်ကုန်မြို့ နိုင်ငံပိုင်ဟိုတယ်တစ်ခု ဖြစ်တဲ့ အင်းယားလိတ်ဟိုတယ်မှာ လူသတ်မှုတစ်ခုဖြစ်ခဲ့ပါတယ်။ အသတ်ခံရတဲ့လူဟာ ဂျပန်လူမျိုးတစ်ဦး ဖြစ်ပြီးတော့ နောက်တစ်ဦးဟာ မြန်မာအမျိုးသမီး တစ်ဦးဖြစ်ပါတယ်။နှစ်ဦးစလုံးဟာ ဝတ်လစ်စလစ်

အနေအထားမှာ ဓားနဲ့အချက်ပေါင်းများစွာထိုးပြီး အသတ်ခံရတာ ဖြစ်ပါတယ်။ ဒီအမှုကို ရဲက ရှာဖွေဖော်ထုတ်တဲ့အခါမှာ သတ်တဲ့သူဟာ ဟိုတယ်ဝန်ထမ်းဖြစ်ပြီး အသတ်ခံရသူ မြန်မာအမျိုးသမီးဟာ ပြည့်တန်ဆာတစ်ဦး ဖြစ်ပါတယ်။ သူတို့နှစ်ဦးဟာ ဂျပန်ဆီကနေပြီး ပစ္စည်းရလိုမှုနဲ့ အတွင်းကနေ တံခါးချက် ဖွင့်ပေးတဲ့အချိန်မှာ ဟိုတယ်ဝန်ထမ်းက ဝင်ခိုးယူတဲ့အချိန်မှာ ဂျပန်မိသွားတဲ့အတွက် နှုတ်ပိတ်တဲ့အနေနဲ့ နှစ်ဦးစလုံး အသတ်ခံရလိုက်ရတာ ဖြစ်ပါတယ်။ ဒီအပြင် လွန်ခဲ့တဲ့လ မကြာခင်ကလည်း ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်း လမ်းမှာရှိတဲ့ မြန်မာ့စီးပွားရေးကော်ပိုရေးရှင်းပိုင် စင်ထရယ်ဟိုတယ်မှာ လူသေဆုံးမှုတစ်ခု ဖြစ်ခဲ့ပါတယ်။ သေဆုံးတဲ့လူကလည်း မြန်မာအမျိုးသမီးတစ်ဦးဖြစ်ပြီး သူနဲ့အတူရှိနေတဲ့ သူဟာ ထိုင်းလူမျိုး ကမ္ဘာလှည့် ခရီးသွားတစ်ဦး ဖြစ်ပါတယ်။ သူရဲ့ထွက်ဆိုချက် အရ KTV ကနေ အခကြေးငွေပေးပြီး ခေါ်လာတာလို့ ပြောပါတယ်။ သူတို့နှစ်ဦးအခန်းထဲမှာ ရှိတုန်းမှာ ရေချိုးခန်းထဲဝင်ဖမ်းရင်းနဲ့တော်တော်နဲ့ ပြန်မထွက်လာတဲ့အခါမှာ ဟိုတယ်ဝန်ထမ်းတွေရဲ့ အကူအညီနဲ့ ရေချိုးခန်းတံခါးကို ဖွင့်ကြည့်တဲ့အခါမှာ သေဆုံးနေတာကို တွေ့ရတာဖြစ်ပါတယ်။ ဒီတော့ လူသတ်မှု သေဆုံးမှုတွေကို ကျွန်တော်တင်ပြရတာကတော့ ဒီအကြောင်းတွေကို အဓိကထားတာ မဟုတ်ပါဘူး ခင်ဗျာ။

ဥက္ကဋ္ဌကြီးခင်ဗျား။ ရန်ကုန်မြို့ရဲ့အဓိကနေရာကြီးတွေဖြစ်တဲ့၊ နိုင်ငံရဲ့အဓိကနေရာဖြစ်တဲ့ ဒီအင်းယားလိတ်ဟိုတယ်၊ စင်ထရယ်ဟိုတယ်တွေတောင်မှ ပြည့်တာဆာလုပ်ငန်းတွေ ရှိနေတယ်။ ပြည့်တန်ဆာတွေ ရောက်ရှိနေတဲ့အကြောင်းကို ကျွန်တော်သက်သေပြုတာပဲ ဖြစ်ပါတယ်။ အဲတော့ ပြည့်တန်ဆာလုပ်ငန်းဟာ အခုမှရှိနေတာလားဆိုတော့ မဟုတ်ပါဘူးခင်ဗျ။ ၁၉၄၈ မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးတဲ့နောက်ပိုင်းမှာ ကျွန်တော်တို့ ဒီ ဖဆပလအစိုးရခေတ်မှာ ဖော်ပြရေးသားခဲ့တဲ့ ဆရာကြီးသော်တာဆွေရဲ့ ကမ္ဘာစစ်ကြောင်းဝတ္ထုစာအုပ်တွေမှာ တွေ့ရပါတယ်။ ဒီနေရာမှာ တရုတ်တန်းက ပျော်ပွဲစားရုံသွားတယ်။ ဟေး အဖောင် အရက်တစ်ပုလင်းနဲ့မြည်းဖို့ ကြက်ပေါင်ကြော်နဲ့အချဉ်နဲ့ လွတ်လိုက်ဆိုတဲ့ စာတန်းကိုတွေ့ရမှာ ဖြစ်ပါတယ်။ ဒါကြောင့် ဒီပြည့်တန်ဆာလုပ်ငန်း ဒီအပြင့် ညဥ့်နက်တဲ့အခါမှာ ဒီအမျိုးသမီးနဲ့ ကြေးညှိပြီး နီးစပ်ရာဟိုတယ် အခန်းကို တက်ကြတယ်ဆိုတဲ့ အကြောင်းတွေလည်း ပါပါတယ်။ ဒါကိုကြည့်လို့ဆိုရင် မြန်မာနိုင်ငံဟာ ဒီပြည့်တန်ဆာလုပ်ငန်းဟာ လွတ်လပ်ရေးနဲ့အတူ ပေါ်ပေါက်ခဲ့တယ်ဆိုတာကို ပြောလို့ရပါတယ်။

ကျွန်တော် အင်္ဂလိပ်ခေတ်ကနဲ့ ပတ်သက်လို့ကတော့ မပြောတော့ပါဘူးခင်ဗျ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီ ပြည့်တန်ဆာတွေနဲ့ပတ်သက်လို့ ဥပဒေရေးဆွဲပြီးတော့ ကျွန်တော်တို့ ထိန်းချုပ်ခဲ့တာတွေ၊ ဖမ်းဆီးခဲ့တာတွေ၊ အရေးယူခဲ့တာတွေ ရှိပါတယ်။ ဒါနဲ့ပတ်သက်လို့ အရေးယူတဲ့မှတ်တမ်းတွေနဲ့ ပတ်သက်လို့ အပြင်းထန်ဆုံး၊ အထိရောက်ဆုံး အရေးယူရတာအဖြစ် မှတ်တမ်းပြုရမယ့်ဟာကတော့ လမ်းစဉ်ပါတီအစိုးရခေတ် ဖြစ်ပါတယ်။ လမ်းစဉ်ပါတီခေတ်မှာတော့ ပြည့်တန်ဆာတွေ နှိပ်ကွပ်ရေးကို ပပျောက်ရေးလို့ အမည်ပြောင်းပြီးတော့မှ အပြင်းအထန် နှိပ်ကွပ်ခဲ့တာတွေ့ရပါတယ်။ အဲဒီခေတ်မှာဆိုရင် ကျွန်တော်တို့ ဟိုတယ်တွေမှာ ဆိုလို့ရှိရင် ဒေါ်လာနဲ့ လက်ခံတဲ့အတွက် ပြည်တွင်းနိုင်ငံခြား ပြည်တွင်း ကျွန်တော်တို့ Local တွေ တည်းလို့ မရပါဘူး။ နောက် တည်းခိုခန်းလိုင်စင်ဆိုတာကလည်း ရဖို့ဆိုတာ ထီပေါက်သလောက်ကို ခက်ပါတယ်။ နောက် ဒီတည်းခိုခန်းတွေကလည်း သက်ဆိုင်ရာမြို့နယ် ဒီမြို့မှာ နေတဲ့သူက ဒီမြို့ကတည်းခိုးခန်းမှာ တည်းပိုင်ခွင့်မရှိပါဘူး။ ရပ်ဝေးမှတ်ပုံတင်နဲ့သာ တည်းခွင့်ရှိပါတယ်။ ဒီလိုအနေအထားပါ။ အဲဒါကြောင့် ဒီလမ်းစဉ်ပါတီခေတ်မှာ ပြည့်တန်ဆာနှိပ်ကွပ်တဲ့အတွက် သူတို့ဟာ တော်တော်လေးကို ပါးရှားသွားပါတယ်။ အဓိကအားဖြင့် အဝေးပြေးလမ်းမကြီးပေါ်မှာ ညအမှောင်ကို

တုပြီး လှုပ်ရှားရတဲ့အဆင့်ကို ရောက်ပါတယ်။ မြို့ပြတွေမှာဆိုလို့ရှိရင်လည်း ဟိုးအစွန်အဖျား ကျူးကျော်ရပ်ကွက်တွေမှာ ဘယ်လိုမှ လူသူအရောက်အပေါက် မနီးစပ်တဲ့နေရာထိအောင် အဲလောက် ထိအောင် ပြည့်တန်ဆာတွေရဲ့ အခြေအနေဟာ နိမ့်ကျပြီးတော့ လျှော့ပါးသွား တာတွေ့ရပါတယ်။

ဒါပေမဲ့ ၁၉၈၈ တပ်မတော်အစိုးရ တက်လာတဲ့အခါမှာ နိုင်ငံတော်ရဲ့စီးပွားရေးမူအရ ဈေးကွက်စီးပွားရေးစနစ် မူဝါဒဆိုပြီး ကြေညာပြီးတဲ့အခါမှာ ပြည်သူတွေလုပ်ကိုင်ဖို့အတွက် လုပ်ငန်းတော်တော်များများကို ခွင့်ပြုခဲ့ပါတယ်။ ဒီလုပ်ငန်းတွေမှာ တည်းခိုတဲ့လုပ်ငန်းတွေ၊ ဟိုတယ်လုပ်ငန်းတွေ အများပြည်သူတွေကို ပုဂ္ဂလိက လုပ်ကိုင်ခွင့်ပြုပါတယ်။ ဒီအပြင့် KTV တွေ Night Club တွေကအစ ကျွန်တော်တို့ လိုင်စင်ပေးလိုက်ပါတယ်။ အဲဒီတော့ ဒီဟာတွေဟာ ဒီလုပ်ငန်းတွေဟာဆိုလို့ရှိရင် ကျွန်တော်တို့ ပြည့်တန်ဆာလုပ်ငန်းအတွက် အထောက်အကူပြုတဲ့ လုပ်ငန်းတွေ ဖြစ်ပါတယ်။ ဒီလုပ်ငန်းတွေ ဖြစ်ပေါ်လာတဲ့အတွက် ပြည့်တန်ဆာတွေလောကဟာ လည်း ပိုပြီးဖွံ့ဖြိုးတိုးတက်လာတဲ့ အခြေအနေရောက်နေပါတယ်။ လက်ရှိအစိုးရခေတ်မှာဆိုလို့ရှိရင် လူတိုင်း တယ်လီဖုန်း ကိုင်နိုင်တဲ့အဆင့်တစ်ခုဖြစ်လာပါပြီ။ အဲဒီတော့ ပြည့်တန်ဆာတစ်ဦးဟာ ဖုန်း သုံး၊ လေးလုံးတောင် ကိုင်နိုင်တဲ့အဆင့် ရောက်နေပါပြီ ခင်ဗျား။ ဒါဟာဆိုလို့ရှိရင် ဒီလောကမှာ မြင်းကို တောင်ပံတပ် ပေးသလို ဖြစ်သွားပါတယ် ခင်ဗျား။

ဥက္ကဋ္ဌကြီး ခင်ဗျား။ လက်ရှိအခြေအနေဟာဆိုရင် ကြည့်နိုင်တဲ့မျက်လုံးနဲ့ ကြည့်မယ်ဆိုလို့ရှိရင် မိုးကောင်းကင်မှာ ငှက်ပေါင်းစုံ ပျံသန်းနေပါပြီ။ ဒါပေမဲ့ ဒီဥပဒေအရ အရေးယူနိုင်တဲ့ အပိုင်းကတော့ ပန်းဆိုးတန်းလမ်းပေါ်က ရွက်ကြွေတွေ တောင်ပံကျိုးတဲ့ အဆင့်တွေလောက်ပဲ ကျွန်တော်တို့ ဖမ်းဆီးအရေးယူနိုင်တာဖြစ်ပါတယ်။ ဒီလိုအရေးယူတဲ့အခါမှာလည်း သတင်းပေးတစ်ယောက်ကို ငွေစက္ကူနံပါတ်မိတ္တူပေးပြီးတော့ ဖမ်းဆီးရတဲ့အဆင့်ပဲ ရောက်ပါတယ်။ တစ်နည်းအားဖြင့် ဒီဥပဒေရဲ့ သက်ရောက်မှု ဧရိယာကျဉ်းမြောင်းပြီးတော့ ဒီဥပဒေကြီးဟာ မသက်ရောက်နိုင်တဲ့ဧရိယာဟာ ကျယ်ပြန့်နေပြီး မိုးကောင်းကင်တစ်ခုလုံး ကျယ်ပြန့်နေပြီ ဖြစ်ပါတယ်။ ဒီဥပဒေကို ပြင်ဆင်ချက်မပြုဘဲနဲ့ ကျွန်တော်တို့ မူဝါဒစဉ်းစားစရာအချက်တွေနဲ့ အသစ်ပြန်လည် ရေးဆွဲသင့်တဲ့အခြေအနေ ရောက်ရှိနေ ပါပြီခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား ကျွန်တော်တို့ ဘာသာတွေရဲ့ ပညတ်တော်မှာ ဘာသာတွေတိုင်းမှာ ပညတ်တော် ရှိပါတယ်ခင်ဗျား။ ဒီပညတ်တော်ဟာ ကျွန်တော်တို့ကောင်းသည်ဆိုးသည် ဝေဖန်ပိုင်ခွင့် မရှိဘဲနဲ့ ဒီဘာသာဝင်ဖြစ်ရင် ဒီပညတ်တော်အတိုင်း လေးစားလိုက်နာရမှာ ဖြစ်ပါတယ်။ ဒါပေမဲ့ ဥပဒေက ဒီလိုမဟုတ်ပါဘူးခင်ဗျ။ ကျွန်တော် လူတွေရဲ့ဘဝဖြစ်တည်မှုက ရှေးဦးကျပြီး ဥပဒေကနောက်က လိုက်ရတာပဲဖြစ်ပါတယ်။ ကျွန်တော်တို့ သမိုင်းဦးဘုံမြေခေတ်မှာ ဥပဒေ မရှိသေးဘူးခင်ဗျ။ လူတွေရဲ့ဘဝဖြစ်တည်မှုက ရောက်ရှိနေပါပြီ။ ဒါကြောင့် ကျွန်တော်တို့ဟာ ဥပဒေဟာ ဘဝဖြစ်တည်မှုကို ကျော်လွှားလို့၊ ဆန့်ကျင်လို့ မရတဲ့အခြေအနေဖြစ်ပါတယ်။ ဒါနဲ့ ပတ်သက်လို့ ဥပမာတစ်ခု တင်ပြရမယ်ဆိုရင် ရှေးခေတ်တုန်းက ဘုရင်ကြီးနဲ့ မှူးမတ်ကြီးတွေ၊ ပြည်သူတွေဟာ မိုးခါးရေသောက်ပြီး ရူးသွပ်တော့မယ်လို့ သိတဲ့အခါမှာ သူတို့မရူးသွပ်အောင် သူတို့စောင့်စည်းခဲ့ပါတယ်။ ဒါပေမဲ့ ပြည်သူတွေအားလုံးက ရူးသွပ်လာတဲ့အချိန်မှာ သူတို့ကိုယ်တိုင်လည်း ရပ်တည်လို့မရခဲ့ပါဘူး။ သူတို့လည်း ရူးသွပ်အောင် မိုးခါးရေသောက်လိုက်ရပါတယ်။ ဒါဟာ ဆိုလို့ရှိရင် အဖြစ်အပျက်ဟာ မှားသလား၊ မှန်သလားဆိုလို့ရှိရင် လူအများက ရူးသွပ်လို့ရှိရင် အားလုံး လိုက်ရူးသွပ် ရမယ်ဆိုတဲ့ အဓိပ္ပာယ်ကို ပြောခြင်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်တို့ လက်ရှိလူ့ဘဝဟာ ကာမဂုဏ်အာရုံနဲ့မွေ့လျော်နေရတဲ့ ဘဝပါ။ တချို့လူတွေဟာဆိုလို့ရှိရင် ငွေကြေး၊ စည်းစိမ်၊ ရာထူး၊ အခြွေအရံတွေအပေါ်မှာ ကျွန်တော်တို့ တပ်မက်ယစ်မူးပြီးတော့ သာယာနေရပါတယ်။ တချို့ဟာဆိုလို့ရှိရင် မူးယစ်ဆေးဝါးမျိုးစုံ ကျွန်တော်တို့ လောင်းကစားမျိုးစုံကိုပါ ယစ်မူးစွဲလမ်းနေသူတွေ ရှိပါတယ်။ တချို့ကကျတော့ သိတဲ့အတိုင်းပဲ ပြည့်တန်ဆာများနဲ့ကို ယစ်မူးသာယာတဲ့အာရုံ ရှိပါတယ်။ ဒါနဲ့ပတ်သက်လို့လည်း ကမ္ဘာကျော် စာရေးဆရာကြီးတစ်ယောက်က လူ့ဘဝကို ရည်ညွှန်းတာ လူ့ဘဝဟာ ချောက်ကမ်းပါးကြီး ကမ်းပါးပေါ်မှာ ကျွန်တော်တို့ ချောက်ကမ်းပါးအစွန်မှာ ပေါက်နေတဲ့သစ်ကိုင်းဖျားပေါ်မှာ နားခိုနေရတဲ့ ဘဝပါ။ ဒီ သစ်ကိုင်းကိုလည်း ကြွက်ဖြူနဲ့ကြွက်မဲဟာ တစ်လှည့်စီကိုက်ဖြတ်တဲ့အတွက် သစ်ကိုင်းဟာ တစ်နေ့ကျိုး ကျပြီး အောက်ကိုပြုတ်ကျမယ့် ဘဝပါ။ လူ့ဘဝရဲ့ အချည်းနှီးဘဝ၊ လူ့ဘဝရဲ့ မျှော်လင့်ရာမဲ့တဲ့ဘဝကို ဖော်ညွှန်းပါတယ်။ ဒါပေမဲ့ ဆရာကြီးဟာ ဘာကိုညွှန်းလိုက်လဲဆိုတော့ သစ်ကိုင်းဖျားမှာ ရောက်နေတဲ့ ပျားရည်စက်လေးကို မြည်းခိုင်းပြီးတော့ ဒီအရသာနဲ့သာ နေပါတော့လို့ သူကညွှန်းပါတယ် ခင်ဗျား။ ဒါနဲ့ ပတ်သက်လို့ မြန်မာ့သမိုင်းမှာ ကျွန်တော်တို့ အရေးပေါ်ဖြစ်တာတွေ ရှိပါတယ်။ ကြံကိုချိုတဲ့ အရင်းက စားရမလား၊ အဖျားက စားရမလား ဆိုတဲ့ အငြင်းအခုံ ဖြစ်ခဲ့ပါတယ်။ ကျွန်တော်တို့ ကွေးသောလက် မဆန့်ခင်၊ ဆန့်သောလက် မကွေးခင်၊ ချိုသော အပိုင်းက အရင်စားပါဆိုတဲ့ အဖြေရခဲ့ပါတယ်။

ဒါကြောင့် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ လူသားတွေဟာ ကာမဂုဏ်အာရုံတွေကို မွေ့လျော်ဖို့အတွက် အများဆုံး သုံးဆောင်ရမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ ဒီကနေ့ဟာဆိုရင် မနေ့ကထက် သေဖို့ တစ်ရက်နီးလာပြီ ဖြစ်ပါတယ်။ ကျွန်တော်တို့ နှစ်သက်မွေ့လျော်တဲ့ ကာမဂုဏ်အာရုံတို့ကို ကျွန်တော်တို့ ရှာဖွေပြီးတော့ ဖွေရှာရမှာဖြစ်ပါတယ်။ တင်ပြရမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်တို့ ကမ္ဘာကြီးဟာ ကျဉ်းမြောင်းနေပါပြီ။ ကျွန်တော်တို့နဲ့ ယဉ်ကျေးမှုဒေသမကွာတဲ့ အာဆီယံနိုင်ငံအချို့မှာ ပြည့်တန်ဆာလုပ်ငန်းကို ကျွန်တော်တို့ လျစ်လျူရှုထားတာတွေ တရားဝင်လိုင်စင် ခွင့်ပြုထားတဲ့ နိုင်ငံတွေ ရှိပါတယ်။ ဒီနိုင်ငံမှာ တရားဝင်လိုင်စင်နဲ့ ခွင့်ပြုထားတဲ့နိုင်ငံမှာ ကျွန်တော်တို့ ကြည့်မယ်ဆိုရင် ကျွန်တော်တို့ အများပြည်သူသွားလာတဲ့ လမ်းပေါ်မှာ ဆိုင်းဘုတ်ကြီး ထောင်ပြီးတော့ ဈေးနှုန်းကြော်ငြာပြီးတော့ မြင်မကောင်း ရှုမကောင်းလုပ်တာ မဟုတ်ပါဘူး။ ကျွန်တော်တို့မြို့ရဲ့အစွန်အဖျား ရပ်ကွက်ချောင်တစ်ခုမှာ အုတ်တံတိုင်းကြီးကာရံထားပါတယ်။ ဒီအုတ်တံတိုင်းရဲ့ အတွင်းထဲဝင်သွားလို့ရှိရင် အဆောက်အအုံတွေ ပေါ်မှာ အဆင့်ဆင့်ကို ဖြတ်ကျော်ပြီးတော့မှ ဒီနေရာကိုရောက်မှာ ဖြစ်ပါတယ်။ ဒီနေရာရောက်တဲ့အခါမှာ အဲဒီတော့ ဒီအလုပ်လုပ်ကိုင်တဲ့နေရာမှာရှိတဲ့ ကာယကံရှင် အမျိုးသမီးတွေဟာဆိုရင် သူတို့ဟာ တရားဝင် လိုင်စင်နဲ့ ဖြစ်တဲ့အတွက် သူတို့ဟာ အနိုင်ကျင့် မခံရပါဘူး။ ငွေကြေးအရလည်း ခေါင်းပုံဖြတ်ခြင်း မခံရပါဘူး။ ကျွန်တော်တို့ ကျန်းမာရေး အတွက်လည်း အပြည့်အဝ အာမခံချက် ရှိပါတယ်။ ကျွန်တော်တို့ လုပ်ငန်း Procedure နဲ့ပတ်သက်ပြီး ကျန်းမာရေးစောင့်ရှောက်မှု ပစ္စည်းတွေနဲ့ အပြည့်အစုံ လုပ်ခွင့်ရှိပါတယ်။ ပုံမှန်အမူအကျင့်တွေကိုလည်း အာမခံချက်ရတာ ဖြစ်ပါတယ်။ ဒီမလိုလားအပ်တဲ့ လူမှုဆက်ဆံရေးလည်း မရှိပါဘူး။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒါတွေဟာနေ့ခင်းဘက်မှာပါ။ ညဘက်မှာဆိုလို့ရှိရင်လည်း ကျွန်တော်တို့က ဘာတွေ တွေ့ရလဲဆိုရင် သီးခြားမြို့စွန်က ရပ်ကွက်လေးတွေပါပဲ။ ကျွန်တော်တို့ အဲဒါအလုပ်လုပ်တဲ့ အိမ်တွေမှာ ကျွန်တော်တို့ ဆင်ဝင်အောက်မှာ မီးအနီလေး ထွန်းထားပါတယ်။ ဆင်ဝင်တံခါးကလည်း အဆင်သင့်ရှိပါတယ်။ ကျွန်တော်တို့ ဒီဆင်ဝင်တံခါးကို ဖြတ်ကျော်ပြီးမှသာ ကျွန်တော်တို့ အထဲမှာ

ဝန်ဆောင်မှုကိုရတာဖြစ်ပါတယ်။ တစ်နည်းအားဖြင့် အများသူငါအတွက် ပတ်ဝန်းကျင်အတွက် ကျွန်တော်တို့ အနှောင့်အယှက်မဖြစ်တဲ့ လုပ်ငန်းတွေဖြစ်ပါတယ်။ ပြီးတော့ ဒီအထဲကို ရောက်တဲ့သူအတွက်ကလည်း ကျွန်တော်တို့က လိုရင်းတိုရှင်းကို ပြောမယ်ဆိုရင် လိုရင်းတိုရှင်းပါပဲ၊ တစ်နည်းအားဖြင့် Coming ကျွန်တော်တို့ Catch နဲ့ Play go back ဆိုတဲ့ အဆင့်ပါပဲ ခင်ဗျား။ အဲဒီလိုပြောမယ်ဆိုလို့ရှိရင် သူတို့ ဝါသနာရှင်နဲ့ ကာယကံရှင်တွေအတွက်ဆိုရင် ကျွန်တော်တို့ကသီးသန့်ဖြစ်ပါတယ်။ ကျန်တဲ့ အများသူငါတွေအတွက်ကတော့ ဘာမှ အနှောင့်အယှက် မဖြစ်အောင် သူတို့ စီစဉ်ထားတာ တွေ့ရှိရပါတယ်ခင်ဗျား။

ဒါပေမဲ့ ကျွန်တော်တို့ နိုင်ငံမှာကျတော့ ဒီ ပြည့်တန်ဆာတွေနဲ့ ပတ်သက်လို့ ဘာမှ အခွင့်အရေးပေးမှုမရှိပါဘူး။ ပြီးတော့ပြည့်တန်ဆာတွေ အခက်အခဲမျိုးစုံကြားထဲမှာ အနိုင်ကျင့်မှုမျိုးစုံ ကျွန်တော်တို့ လူ့ဘဝရဲ့ ကြဉ်ဖယ်မှုမျိုးစုံနဲ့ ကျွန်တော်တို့ ဒီဘဝမှာ ရပ်တည်နေကြတာပါ။ ကျွန်တော် လွန်ခဲ့တဲ့နှစ်မကြာခင်တုန်းက အမျိုးသမီးကွန်ရက်တစ်ခုနဲ့ ဒီ နေပြည်တော် ကိုယ်စားလှယ်ဘဝမှာ တွေ့ရပါတယ်။ ဒီ အမျိုးသမီးကွန်ရက်တွေက ဘာလဲဆိုရင် ဘာကြောင့် သူတို့ ကွန်ရက်ဖွဲ့ထားသလဲဆိုရင် သူတို့က HIV ရောဂါနဲ့နေတဲ့ အမျိုးသမီးကွန်ရက်အဖွဲ့တွေပါ။ သူတို့လည်း အရွယ်လေးတွေလွန် အဲဒီတော့ ကျွန်တော် သူတို့အဖွဲ့နဲ့ စကားပြောကြည့်စဉ်မှာ သူတို့လည်း ပွင့်ပွင့်လင်းလင်းပြောပါတယ်။ သူတို့အထဲက အများစုက တစ်ချိန်တုန်းက ပြည့်တန်ဆာလုပ်ငန်းလုပ်ခဲ့ကြပါတယ်။ ဒါပေမဲ့ ပြည့်တန်ဆာတွေနဲ့ ပတ်သက်လို့ ကာကွယ်စောင့်ရှောက်မှု မရတဲ့အခါမှာ ဒီလောကထဲမှာ ကျင်လည်ရင်းနဲ့ အများစုဟာ ဒီရောဂါတွေနဲ့ ရကြတာ ဖြစ်ပါတယ်။ အခုလိုကျတော့မှ သူတို့ အခုဒီလောကထဲကထွက်လာတဲ့ အချိန်မှာကျတော့ သူတို့က လူမှုအခက်အခဲတွေ၊ စီးပွားရေးအခက်အခဲတွေ၊ ကျန်းမာရေးအခက်အခဲတွေနဲ့ ရုန်းကန်နေရတယ်။ တစ်ယောက်ထဲ ရုန်းကန်နေရတဲ့အခါမှာ သူတို့ ကွန်ရက်ဖွဲ့ပြီး နေကြတာ တွေ့ရပါတယ်ခင်ဗျား။ ဒါဟာ ကျွန်တော်တို့အတွက် စိတ်မကောင်းစရာတစ်ခုပါ။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ပြည့်တန်ဆာလောကဆိုတာ အမျိုးသမီးတစ်ယောက်က ဒီ လောကမှာ ထာဝစဉ်မရပ်တည်နိုင်ပါဘူး။ တစ်ချိန်မှာဆိုလို့ရှိရင် သူတို့အရောင်အဆင်းကျလာတဲ့အခါမှာ အပြင်လောကကို ရောက်မှာပါ။ ဒီ အပြင်လောကကို ရောက်ဖို့အတွက်က ကျွန်တော်တို့က အပြင်လောကမှာ သန်သန်မာမာရပ်တည်ဖို့၊ လူ့ဘဝကို ပြန်ပြီး ဝင်ဆန့်နိုင်ဖို့အတွက်က ဒီ လောကက အခြေအနေတစ်ခုကို ကျွန်တော်တို့ ဒီလောကထဲရောက်ချိန်မှာ ဒဏ်ရာဒဏ်ချက်ကြီးကြီးမရဖို့၊ ကာကွယ် စောင့်ရှောက်မှုတွေရဖို့ အမျိုးသမီးတွေအတွက် အခြေအနေကောင်းတစ်ခုကို ဖန်တီးပေးဖို့ လိုအပ်နေပါပြီခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ နောက်တစ်ခုက ကျွန်တော်ဆက်စပ်ပြီး တွေးခေါ်နိုင်အောင် တင်ပြချင်တာ အခုကျွန်တော်တို့ မြန်မာနိုင်ငံမှာဆိုရင်လို့ရှိရင် တခြားနိုင်ငံတွေထက်ဆိုရင် မုဒိမ်းမှုများပါတယ်။ ဒါနဲ့ပတ်သက်လို့လည်း ကျွန်တော်တို့ ကျန်တဲ့ တချို့ကိုယ်စားလှယ်ဆိုလို့ရှိရင် ဒီ မုဒိမ်းမှုနဲ့ ပတ်သက်လို့ ပြစ်ဒဏ်ကို တိုးမြှင့်ခံစားပေးဖို့ စဉ်းစားနေတာရှိပါတယ်။ တစ်နည်းအားဖြင့် ကြည့်လို့ရှိရင် ဒီပြစ်မှုကို သေဒဏ်ပေးလိုက်မယ်ဆိုလို့ရှိရင် ဒီ ပြစ်မှုကို ကြောက်ပြီး ဒီအမှုကို လျော့နည်းသွားမလားဆိုတဲ့ အချက်နဲ့တင်ပြတာ ဖြစ်ပါတယ်။ ဒီအချက်ကလည်း ဖြစ်ကောင်းဖြစ်နိုင်ပါတယ်ခင်ဗျား။ ဒါပေမဲ့ ဒီမုဒိမ်းမှုတွေ ဖြစ်တယ်ဆိုတာမျိုးက သက်ဆိုင်ရာ ကာယကံရှင်ရဲ့ အနေအထိုင်တွေ၊ မိဘအုပ်ထိန်းသူတွေရဲ့ စောင့်ရှောက်မှုတွေ လိုအပ်တယ်ဆိုတာလည်း အမှန်ပါပဲ။ ဒါပေမဲ့ ဒီလိုပြစ်ဒဏ်ကို တိုးမြှင့်ခြင်းဟာ အဖြေလားဆိုတဲ့အဖြေဟာ ဒီပြစ်ဒဏ်ကြီးတိုးမြှင့်လိုက်မယ် ဆိုလို့ရှိရင် ဒီ ပြစ်ဒဏ်ကို ကြောက်ပြီးတော့ မုဒိမ်းမှု

အပြင် လူသတ်မှုကိုပါ ကျူးလွန်ရာရောက်အောင် တစ်မှုအပြင် နှစ်မှုပါတိုးနိုင်တဲ့ အခြေအနေမျိုးကလည်း ဖြစ်နိုင်ဖွယ်ရှိတယ်ဆိုတာ စဉ်းစားဖွယ်ရာ အချက်ဖြစ်ပါတယ်။

ဒါနဲ့ပတ်သက်လို့ ကျွန်တော်တစ်ခုပြန်ကြည့်ရင် တချို့ဝင်ငွေသင့်တင့်တဲ့နိုင်ငံတွေ၊ ပြည့်တန်ဆာလုပ်ငန်းကို ခွင့်ပြုထားတဲ့ နိုင်ငံတွေမှာဆိုရင် မုဒိမ်းမှုက တော်တော်နည်းပါတယ်ခင်ဗျား။ ကျွန်တော်တို့ရောက်ခဲ့တဲ့ နိုင်ငံတွေမှာဆိုလို့ရှိရင်တော့ တော်တော်လေးကို နည်းတာတွေ့ရပါတယ်။ ထူးထူးခြားခြား အဖြစ်အပျက်တွေလောက်ကလွဲရင် တွေ့ရပါတယ်။ ဒါနဲ့ပတ်သက်လို့ ဥပမာတစ်ခုတင်ပြ ရလို့ရှိရင် တစ်ချိန်တုန်းက ဒုတိယကမ္ဘာစစ်မှာ ဂျပန်စစ်သားတွေ အလုံးအရင်းနဲ့ အာရှကို စစ်မြေပြင် ဆင်းပါတယ်။ အဲဒီမှာ ကိုရီးယားမှာရှိတဲ့ ကိုရီးယားအမျိုးသမီးတွေကို လိင်ကျေးကျွန်အဖြစ်နဲ့ ကျွန်တော်တို့ အသုံးချခဲ့တာ ရှိပါတယ်။ တစ်နည်းအားဖြင့် ကမ္ဘာကျော် အစုလိုက်အပြုံလိုက် မုဒိမ်းကျင့်မှုကြီးလည်း ဖြစ်ပါတယ်။ ဒီ ကိစ္စနဲ့ပတ်သက်လို့ ကိုရီးယားအဖွားကြီးတွေက ခုထက်ထိအောင် ဆွေ့ဆွေ့ခုန်ပြီး ဒေါသဖြစ်နေတုန်းပါပဲ။ ဂျပန်အစိုးရ အဆက်ဆက်ကလည်း ဒီကိစ္စနဲ့ ပတ်သက်လို့ မျက်နှာပူပူနဲ့ ဖြေရှင်းနေရတုန်းပဲ ဖြစ်ပါတယ်။

တစ်နည်းအားဖြင့် ဆိုလို့ရှိရင်တော့ ကျွန်တော်တို့ ဒီ စစ်ဆင်ရေးဆွေးနွေးတုန်းကလည်း လူ့ဘဝဘယ်နေ့ သေမှန်းမသိ၊ ရှင်မှန်းမသိတဲ့ ဘဝတောင်မှာ ဒီကိစ္စက မကင်းဘူးဆိုတာ ကျွန်တော်တင်ပြရခြင်း ဖြစ်ပါတယ်။ တစ်နည်းအားဖြင့် လောကီလူ့ဘုံဘဝမှာ လိင်ကိစ္စကဆိုလို့ရှိရင် ကျွန်တော် တို့ အတင်းအကျပ်၊ အတင်းအဓမ္မ အနိုင်ကျင့်ခြင်းဟာလည်း အစွန်းရောက်သလို၊ အတင်းအကျပ် အနိုင်ကျင့် ပိတ်ပင်ထားခြင်းဟာလည်း အစွန်းရောက်သလို ကျွန်တော်တို့ အစွမ်းကုန်လိုက်လျောခြင်း၊ ထင်ရာစိုင်းခြင်းဟာလည်း အစွန်းရောက်တာ ဖြစ်ပါတယ်။ ဒီ အစွန်းနှစ်ပါးကနေပြီးတော့ ကျွန်တော်တို့ ရှောင်လွှဲဖို့ အချက်ဆိုတဲ့အကြောင်း တင်ပြလိုပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်နိဂုံးချုပ်အဖြစ် တင်ပြလိုတာက ကျွန်တော်တို့ လောကကြီးမှာ ဆိုလို့ရှိရင် မြက်ပင်လေးတစ်ပင်၊ စမ်းရေလေးတစ်ခုကတောင်မှ လောကကို ကောင်းကျိုးပြုပါတယ်ခင်ဗျား။ ဒီ ပြည့်တန်ဆာတစ်ဦးက သူနဲ့ပတ်သက်တဲ့ ပတ်ဝန်းကျင်တစ်ခုကို ကောင်းကျိုးပြုနေတယ်လို့ပဲ ကျွန်တော်ယူဆပါတယ်။ တစ်နည်းအားဖြင့် ဆိုလို့ရှိရင်လည်း သူဟာ ဘဝရဲ့ဝဋ်ကြွေးတစ်ခုကို ပေးဆပ်နေတယ်လို့ပဲ ယူဆပါတယ်။ ဒီဘဝဟာ သူထာဝစဉ်ဘဝ မဖြစ်သင့်၊ မဖြစ်ထိုက်ပါဘူးခင်ဗျား။ ဒီဘဝကနေ ရုန်းကန်ထွက်လာတဲ့အခါမှာ ကောင်းမွန်တဲ့ဘဝကို တည်ဆောက်ဖို့အတွက် ဒီဘဝမှာ လိုအပ်တဲ့ အစီအမံတွေ ချမှတ်ထားဖို့ လိုအပ်ပြီဆိုတဲ့အကြောင်း ကျွန်တော်တင်ပြလိုပါတယ်။

တစ်နည်းအားဖြင့် ပြည့်တန်ဆာဘဝနဲ့ ပတ်သက်သလို ပြည့်တန်ဆာပုဒ်မနဲ့ သူကို နိမ့်ကျနေတဲ့ အမျိုးသမီးဖြစ်တဲ့အတွက် သူ့ကို ထောင်သွင်းအကျဉ်းချတယ်ဆိုတာ ပိုပြီးတော့ မြေနိမ့်ရာ လှံစိုက်၊ ကံဆိုးမသွားရာ မိုးလိုက်လို့ရွာ ဆိုသလိုဖြစ်ပါတယ်။ တစ်နည်းအားဖြင့် သူ့ကိုအရေးယူနိုင်တဲ့ အခြေအနေ ရှိပါတယ်။ ဒါတွေဟာ ခြေချုပ်တွေ၊ ခံဝန်တွေ၊ ဒါကျွန်တော်တို့ နယ်နှင်ဒဏ်တွေ၊ ကျွန်တော်တို့ ငွေဒဏ်တွေနဲ့ ဒေသဆိုင်ရာ အမိန့်လောက် အနေနဲ့သာ နှိမ်နင်းသင့်ပါတယ်။ တကယ်နှိမ်နင်းသင့်တာက တရားဝင် လိုင်စင်မရှိဘဲနဲ့ အမျိုးသမီးတွေနဲ့ ပျော်ပါးတဲ့ အမျိုးသားတွေ၊ လုပ်ငန်းတည်ထောင်သူတွေသာ ထောင်ဒဏ်နဲ့ ပြင်းပြင်းထန်ထန် အရေးယူသင့်ကြောင်း ကျွန်တော် တင်ပြလိုပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၂၀။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဖုန်းမြင့်အောင် ရဲ့ ဆွေးနွေးချက်နဲ့ ပတ်သက်ပြီး အမျိုးသားလွှတ်တော် ဥပဒေကြမ်း ကော်မတီက ပြန်လည်ကြားနာ ဆောင်ရွက်ဖို့ ဆုံးဖြတ်ပါတယ်။

## နည်းပညာနှင့် သက်မွေးပညာရေး ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း

**အချိန်၊ ၁၀း၂၀။**

**ဥက္ကဋ္ဌ။** ။အစီအစဉ် (၆)ဖြစ်ပါတယ်။ နည်းပညာနှင့် သက်မွေးပညာရေး ဥပဒေကြမ်း နှင့် စပ်လျဉ်း၍ ဆွေးနွေးရန် လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး အမည်စာရင်း တင်သွင်း ထားပါတယ်။

ပထမဦးစွာ မွန်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါက်တာဗညားအောင်မိုး ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၂၀။**

**ဒေါက်တာဗညားအောင်မိုး၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)။** ။ ရိုသေလေးစားရပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်များ၊ ပြည်ထောင်စုအဆင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ပညာရှင်များနဲ့ ဧည့်သည်တော်များ ကျန်းမာရွှင်လန်းကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း ဂါရဝပြုလိုက်ပါတယ်။ ကျွန်တော်ကတော့ မွန်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၇)ဖြစ်တဲ့ ရေးမြို့နယ်မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဗညားအောင်မိုး ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနဲ့ ဆင်းရဲမှု လျှော့ချရေးကော်မတီဥက္ကဋ္ဌ တစ်ဦးလည်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နည်းပညာနဲ့ သက်မွေးပညာဥပဒေကို ဆွေးနွေးတဲ့အခါမှာ ကျွန်တော့်ကို စာဖတ်ခွင့်ပေးဖို့ ခွင့်တောင်းပါတယ်။ နည်းပညာနဲ့ သက်မွေးပညာဟာ ပြည်သူများအတွက် ဘဝဖူလုံရေး၊ လူမှုစီးပွားဘဝတိုးတက်ရေးတို့အတွက် အရေးကြီးပါတယ်။ ပြည်သူများတို့မှာ နည်းပညာနဲ့ သက်မွေးပညာ တိုးတက်လာတာနဲ့အမျှ ဆင်းရဲမှုလျှော့ချရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနဲ့ တစ်နိုင်ငံလုံးအတွက် တိုးတက်ဖွံ့ဖြိုးရေးတို့ အရှိန်အဟုန်နဲ့ ဖြစ်လာမှာ သေချာပါတယ်။ နည်းပညာနဲ့ သက်မွေးပညာ ဥပဒေဟာ ပြည်သူတစ်ရပ်လုံး လွှမ်းခြုံမှု ဥပဒေကြမ်းဟာ ပြည်သူတစ်ရပ်လုံးရဲ့ လွှမ်းခြုံမှုအားနည်းပြီး ပညာရပ်ပိုင်းဆိုင်ရာ ကျောင်း၊ ကောလိပ်၊ တက္ကသိုလ်အတွက်သာ အဓိကဖြစ်နေတာကို တွေ့ရပါတယ်။ အဲဒီ ကျောင်း၊ ကောလိပ်၊ တက္ကသိုလ်တွေရှိခဲ့တာ အနှစ်ရာစုနီးပါးရှိခဲ့ပါပြီ။ ခေတ်မီနည်းပညာနဲ့ သက်မွေးပညာ ပြည်သူထဲကို ဘယ်လောက်ရောက်သွားသလဲ၊ ပြည်သူအများစုဟာ ဥပမာ-စိုက်ပျိုးရေး၊ မွေးမြူရေးမှာ မိရိုးဖလာနည်းမှ မထွက်နိုင်သေးတာ တွေ့ရပါတယ်။

နိုင်ငံကုန်ထုတ်လုပ်ရေး တိုးတက်မှုအတွက် ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ ဆင်းရဲမှုလျှော့ချရေး တို့မှာ ဘယ်လောက်အကျိုးပြုခဲ့သလဲဆိုတာ အကြမ်းဖျင်းသုံးသပ်လို့ရပါတယ်။ အဲဒီကျောင်းက ဆင်းလာသူများဟာ ဝန်ထမ်းအမျိုးမျိုးလုပ်ရန်အတွက်သာ အဓိကဖြစ်နေတာတွေ့ရပါတယ်။ ပညာရပ်ပိုင်းဆိုင်ရာ အဆင့်မြင့်၊ ကမ္ဘာအဆင့်အတန်းမီရန်အတွက် လိုအပ်သလို ပြည်သူတို့တတ်မြောက်ပြီး အသုံးချနိုင်ရန်လည်း အရေးကြီးပါတယ်။

ဒါကြောင့် ဒီ နည်းပညာနဲ့ သက်မွေးပညာဥပဒေကို အများပြည်သူအတွက်လည်း အကျိုးရှိရန် ကျွန်တော် ဖြည့်စွက်ပြင်ဆင်မှု အနည်းငယ်တင်ပြသွားပါမယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပုဒ်မ ၄(က)ကို နည်းပညာဆိုတဲ့ စကားလုံး အခြေခံပညာရေးဌာနနဲ့ ပူးပေါင်းဆောင်ရွက်ရေးဆိုတဲ့ စာပိုဒ်ကို ထပ်ဖြည့်လိုပါတယ်။ ဖြည့်စွက်ပြီးတဲ့ ပုဒ်မ ၄(က)ကတော့ နိုင်ငံသားတိုင်း နည်းပညာဆိုတာကို ကျွန်တော်ထပ်ဖြည့်တယ်။ (၁) သက်မွေးပညာသင်ယူခွင့် ရရှိရန် အခြေခံပညာရေးဌာနနဲ့ ပူးပေါင်းဆောင်ရွက်ရေးဆိုပြီးတော့ ကျွန်တော်ထပ်ဖြည့်လိုပါတယ်။

ရှင်းလင်းချက်ကို ကျွန်တော် အနည်းအကျဉ်းတင်ပြပါမယ်။ မသင်မနေရ ပညာရေးစနစ်ရှိလာပြီးဖြစ်လို့၊ ကလေးတိုင်းကျောင်းနေရမယ်ဖြစ်လို့၊ ကလေးတိုင်း နည်းပညာ၊ သက်မွေးပညာကို အခြေခံရရှိသွားမယ် ဖြစ်တဲ့အတွက်ကြောင့် အနာဂတ်မှာ ပြည်သူတစ်ရပ်လုံးကို ပြန့်နှံ့သွားပါလိမ့်မယ်။ (၂) သင်ပြမှုမှာ လက်တွေ့ကျကျနဲ့ ကျောင်းသားဗဟိုပြုနည်းကို သုံးခြင်းအားဖြင့် ကလေးများအတွက် ဝန်ထုပ်ဝန်ပိုး မဖြစ်ဘူး။ ဒီ့အပြင် ပိုမိုပြီးတော့ လက်တွေ့ကျတဲ့ အသုံးချနိုင်တဲ့ ပညာရပ်တစ်ခု ဖြစ်လာလိမ့်မယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အခြေခံပညာရေးမှာ နည်းပညာနဲ့ သက်မွေးပညာအတွက် ဆွေးနွေးဖို့ ရှိသေးတဲ့အတွက်ကြောင့် နည်းပညာနဲ့ သက်မွေးပညာ ဥပဒေကြမ်းကို ဒီလောက်ပဲ ဆွေးနွေးပါတယ်လို့ ပြောကြားရင်း နိဂုံးချုပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၂၅။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးလှဆွေ ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၂၅။**

**ဦးလှဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် ဆွေးနွေးရမယ့်ဟာတွေက အပြန်အလှန်မေးခွန်း မေးမြန်းရမှာတွေရော၊ နောက် (၁) နာရီကျော်လောက်အချိန်ယူရမှာ ဖြစ်တဲ့အတွက် ဥပဒေကြမ်းကော်မတီနဲ့မှတွေ့ဆုံမှသာလျှင် အသေးစိတ် ဆွေးနွေးသွားမည်ဖြစ်ကြောင်း လေးစားစွာ တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၂၅။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များရဲ့ ဆွေးနွေးချက်များနဲ့ ပတ်သက်ပြီး အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြန်လည်ကြားနာ ဆောင်ရွက်ဖို့ ဆုံးဖြတ်ပါတယ်။

## အခြေခံပညာရေး ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း

**အချိန်၊ ၁၀း၂၅။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၇)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အခြေခံပညာရေး ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးရန် လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး အမည်စာရင်း တင်သွင်းထားပါတယ်။

ပထမဦးစွာ မွန်ပြည်နယ်  မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါက်တာဗညားအောင်မိုး ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၂၅။**

**ဒေါက်တာဗညားအောင်မိုး၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)။**　　။ ရှိသေလေးစားရပါရတဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ပညာရှင်များ၊ ဧည့်သည်တော်များ အားလုံးကျန်းမာ ရွှင်လန်းကြပါစေလို့ ဦးစွာမေတ္တာပို့ရင်း ဂါရဝပြုလိုက်ပါတယ်။ ကျွန်တော်ကတော့ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)ဖြစ်တဲ့ ရေးမြို့နယ်မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဗညားအောင်မိုး ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနဲ့ ဆင်းရဲမှုလျှော့ချရေးကော်မတီ ဥက္ကဋ္ဌလည်း ဖြစ်ပါတယ်။

ဒီဥပဒေကို တင်ပြဆွေးနွေးတဲ့ နေရာမှာ စာဖတ်ခွင့်ပေးဖို့ တင်ပြလိုပါတယ်။ ၂၀၁၂ အခြေခံပညာရေးဥပဒေကို ၂၀၁၂ ခုနှစ်၊ ပထမအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေးမှာ ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး အမျိုးသားလွှတ်တော်ကိုပေးပို့ရာမှာ ပထမအကြိမ် အမျိုးသားလွှတ်တော်၊ စတုတ္ထပုံမှန် အစည်းအဝေးမှာ ပြင်ဆင်ချက်ဖြင့် အတည်ပြုခဲ့ပါတယ်။ ပညာရေးအတွက် အမျိုးသားပညာရေးဥပဒေကို ပြုနိုင်ရန်အတွက် လိုအပ်နေ၍ အခြေခံပညာရေးဥပဒေကို ပြည်ထောင်စုလွှတ်တော်တွင် အတည်ပြုခြင်းကို ဆိုင်းငံ့ခဲ့ပါတယ်။ ယခုအခါမှာ အမျိုးသားပညာရေးဥပဒေကို ပြုပြီးပြီ ဖြစ်လို့ အခြေခံပညာရေးဥပဒေကို အမျိုးသားပညာရေးဥပဒေနဲ့ လိုက်လျောညီထွေဖြစ်ရန် အမျိုးသားလွှတ်တော် ကို (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးမှာ ပြန်လည်တင်ပြခဲ့ပါတယ်။ ဤအခြေခံပညာရေးဥပဒေသည် အမျိုးသားပညာရေးဥပဒေ၏ လက်အောက်ခံ ဥပဒေတစ်ခုဖြစ်ပြီး ခေတ်မီပညာရေးနဲ့ တိုင်းရင်းသား လူမျိုးစုများ၏ စာပေယဉ်ကျေးမှု တိုးတက်ရေးအတွက် အရေးကြီးသည့် ကဏ္ဍတစ်ခု ဖြစ်သည့် ဥပဒေတစ်ခုဖြစ်နေလို့ ကျွန်တော်ထောက်ခံပြောကြားလိုပါတယ်။

ဒါပေမဲ့ ပိုမိုပြီးတော့ အကျိုးရှိအောင် အနည်းငယ်ပြင်ဆင်ချက်ကို တင်ပြပါမယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပုဒ်မ ၃၊ ပုဒ်မခွဲ(ဇ)အဖြစ် ကျွန်တော်ထပ်ဖြည့်လိုပါတယ်။ ဒေသနဲ့ကိုက်ညီသော သက်မွေးပညာနှင့် နည်းပညာအခြေခံရရှိရန် လက်တွေ့ကျကျသင်ပေးရမည်ဟု ဖြည့်စွက်ဖို့ ဖြစ်ပါတယ်။ မူလပုဒ်မခွဲ (ဇ) ကို (ဈ)အဖြစ်လည်းကောင်း၊ မူလပိုဒ်မခွဲ(ဈ)ကို (ည)အဖြစ်လည်းကောင်း ပြောင်းရွှေ့ဖို့ ဖြစ်ပါတယ်။ ကျွန်တော်ရှင်းလင်းချက် တင်ပြလိုတာက ကိုလိုနီခေတ်ပညာရေးဟာ အစိုးရ အမှုထမ်း၊ ကုမ္ပဏီအမှုထမ်း လုပ်နိုင်ရန်အတွက်သာ သင်ပေးတယ်။ အဲဒီ ပညာရေးစနစ်ကနေ ယနေ့အထိ မတိုးထွက်နိုင်သေးဘူးလို့ ကျွန်တော်သုံးသပ်မိပါတယ်။ ကျက်မှတ်ပြီး စာတတ်၊ ပြောတတ်ရုံသာဖြစ်ပြီး သက်မွေးဝမ်းကြောင်းအတွက် အသုံးမချနိုင်ဖြစ်နေတာ တွေ့ရပါတယ်။ နည်းပညာ၊ သက်မွေးပညာကျောင်း၊ သီးခြားကျောင်း ဖွင့်ပေးတာ လွန်ခဲ့တဲ့ အလွန်နည်းတဲ့ အနည်းစုကျောင်းသားများသာလျှင် တက်ရောက်နိုင်မှာ ဖြစ်ပါတယ်။ အဲဒီလို ကျောင်းမျိုး ကျွန်တော်တို့ မမွေးခင်ကတည်းက ဖွင့်ထားတာ ပြည်သူတစ်ရပ်လုံး သက်မွေးပညာဗဟုသုတ တစ်နိုင်ငံလုံး တိုးတက်မှုအတွက် မထိရောက်ခဲ့ဘူး။ တစ်နိုင်ငံလုံး အများစု ပြည်သူတွေက

သက်မွေးဝမ်းကြောင်းပညာ အခြေခံရှိမှ ဝမ်းစာရေးအပြင် နိုင်ငံတိုးတက်ရေးအတွက် အထောက်အကူ ဖြစ်လိမ့်မယ်။ ကျွန်တော် BBC ကို အမြဲတမ်း မနားထောင်၊ မကြည့်ဖြစ်လို့ BBC မှ ဦးဝင်းမြင့် က စိုက်ပျိုး ရေးနဲ့ မွေးမြူရေးနဲ့ ပတ်သက်တဲ့ BBC အစီအစဉ်ကို ကျွန်တော့်ကို အင်တာနက်မှတစ်ဆင့် အမြဲတမ်း ပေးပို့ခဲ့ပါတယ်။

ထိုင်းနိုင်ငံကို အခြေခံပြီးတော့ သူကလေ့လာပြီးတော့ တင်ပြတာများပါတယ်။ စိုက်ပျိုးရေး၊ မွေးမြူရေးမှာ သိပ္ပံနည်းကျကျလုပ်ပြီး အောင်မြင်တဲ့လူတွေဟာ ထူးထူးခြားခြား အများအားဖြင့် အခြေခံ ပညာရေးကိုသင်ခဲ့တဲ့ လူတွေသာလျှင်ဖြစ်ကြပါတယ်။ တက္ကသိုလ်များက သုတေသီတွေလုပ်တဲ့ သုတေသန တွေတော့ရှိပါတယ်။ တောင်သူလယ်သမားတို့နဲ့ သက်ဆိုင်တဲ့ ပညာကို ကျောင်းနေစဉ်က အခြေခံရထားမှ လက်တွေ့လုပ်တဲ့အခါမှာ သိပ္ပံနည်းကျကျဖြစ်ပြီး ဆက်လက်လေ့လာမှုကို လက်တွေ့ လုပ်ဆောင်မှုနဲ့ တိုးတက်အောင်မြင်ကြတာ တွေ့ရပါတယ်။ မသင်မနေရ ပညာရေးစနစ်ဟာ တစ်နိုင်ငံလုံး ပညာသင်ရတဲ့ သဘောပါ။ ကျောင်းနေချိန်မှာ အခြေခံနည်းပညာ သက်မွေးပညာကိုရသွားလျှင် နောင် (၁၅)နှစ်၊ နှစ်(၂၀) လောက်မှာ တစ်နိုင်ငံလုံးမှာ မှန်ကန်တဲ့ နည်းပညာ သိပ္ပံနည်းကျ သက်မွေးပညာနဲ့ အလုပ်လုပ်ကြလျှင် နိုင်ငံတိုးတက်မှု အရှိန်ရလာမှာ ဖြစ်ပါတယ်။ ဒါကြောင့် ဒီပုဒ်မကို ကျွန်တော် ဖြည့်စွက် ပြင်ဆင်ရခြင်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပုဒ်မ ၉၊ ပုဒ်မခွဲ(ဃ)၊ ပုဒ်မခွဲငယ်(၂)ကို ပြင်ဆင်ဖို့ တင်ပြလိုပါတယ်။ မူရင်း ကတော့ မူကြိုဆရာအဖြစ် သတ်မှတ်ချက်များနှင့် ပြည့်စုံသူကို ဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် နိုင်ငံ့ ဝန်ထမ်းအဖြစ် ခန့်အပ်ပြီး လိုအပ်သော သင်တန်းများ တက်နိုင်ရန် စီစဉ်ပေးရမည်။ အဓိပ္ပာယ်ကတော့ ဆွဲခန့်ပြီး၊ ဆရာကို ဆွဲခန့်ခန့်ပြီး နောက်ပိုင်းမှ အတိုင်းအတာမရှိတဲ့ အချိန်မှာ သင်တန်းတက်ရမယ့် သဘောဖြစ်နေပါတယ်။ မူကြိုဆရာဟာ ငယ်ရွယ်နုနယ်တဲ့ ကလေးတွေကို ထိန်းကျောင်းပညာ သင်ပေး တဲ့ အလုပ်ဟာ အလွန်အရေးကြီးခက်ခဲတဲ့ အလုပ်တစ်ခုဖြစ်ပါတယ်။ မိဘများ ယုံကြည်စိတ်ချမှုလည်း လိုအပ်ပါတယ်။ ဒါကြောင့် သင်တန်းအောင်ပြီး တတ်ကျွမ်းတဲ့ ဆရာဖြစ်ရန် အရေးကြီးတယ်။ သင်တန်းမရှိ သေးတဲ့ ဆရာကိုလုံးဝမဆွဲခန့်သင့်ဘူးလို့ ကျွန်တော်မြင်ပါတယ်။ ဒါကြောင့် ပုဒ်မခွဲငယ် (၂)ကို မူကြိုဆရာ အဖြစ် မူကြိုဆရာသင်တန်းအောင်မြင်ပြီးခြင်းနဲ့ သတ်မှတ်ချက်များ ပြည့်စုံသူကို ဝန်ကြီးဌာန၏ ခွင့်ပြု ချက်ဖြင့် နိုင်ငံ့ဝန်ထမ်းအဖြစ် ခန့်အပ်ရန်ဟု ကျွန်တော်ပြင်ဆင်လိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပုဒ်မ ၁၁ တွင် ပုဒ်မခွဲ(ခ)အဖြစ်ဖြည့်ရန် ကျွန်တော်အကြံပြုလိုပါတယ်။ ဖြည့်စွက်ရန် ပုဒ်မခွဲ(ခ)ကတော့ အခြေခံပညာရေးတွင် နည်းပညာနဲ့ သက်မွေးပညာရေးကို မသင်မနေရ ပညာရေးစနစ်နဲ့ ကိုက်ညီစွာ သင်ပြနိုင်ရန်အတွက် သက်ဆိုင်ရာ ဝန်ကြီးဌာနများနဲ့ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ရမည်လို့ ကျွန်တော် ထပ်ဖြည့်လိုပါတယ်။ ပုဒ်မခွဲ(ခ)ကို (ဂ)အဖြစ်လည်းကောင်း၊ (ဂ)ကို (ဃ) အဖြစ်လည်းကောင်း၊ (ဃ)ကို (င)အဖြစ်လည်းကောင်း၊ (င)ကို (စ)အဖြစ်လည်းကောင်း ပြောင်းရွှေ့ဖို့ လိုပါတယ်။ ရှင်းလင်းချက်က ခုနက ကျွန်တော် ပုဒ်မ ၃၊ ပုဒ်မခွဲ(ဈ)မှာ ကျွန်တော်ရှင်းလင်းချက် ပေးထား တဲ့ အတိုင်းပဲဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပုဒ်မ ၁၆၊ ပုဒ်မခွဲ(ဃ)၊ ပုဒ်မခွဲငယ်(၃)ကို ပြင်ဆင်ဖြည့်စွက်ရန်အတွက် တင်ပြလိုပါတယ်။ ဒေသအလိုက် သင့်လျော်သောနည်းဖြင့် ပုဒ်မ ၁၄(ဃ)နှင့်အညီဟူသော စာပိုဒ်ကို ထပ်ဖြည့်ဖို့အတွက် ကျွန်တော် တင်ပြလိုပါတယ်။ ပြင်ဆင်ထပ်ဖြည့်ပြီးတဲ့ ပုဒ်မခွဲငယ်(၃)က အခြေခံ ပညာ

မူလတန်းအဆင့်နဲ့ အလယ်တန်းအဆင့် ပြီးဆုံးချိန်တွင် အဆင့်အလိုက်တင်မြှောက်မှု စာမေးပွဲများကို ဒေသအလိုက် သင့်လျော်သောနည်းဖြင့် ပုဒ်မ ၁၄၊ ပုဒ်မခွဲ(ဃ)နှင့်အညီ စစ်ဆေးခြင်းဟု ပြင်ဆင်ဖြည့်စွက်လိုပါတယ်။ ကျွန်တော်ရှင်းလင်းချက်ကို တင်ပြလိုပါတယ်။ (၁) ပုဒ်မ ၁၄ အခြေခံ ပညာသင်ရိုး ညွှန်းတမ်းနဲ့ ကျောင်းသုံးစာအုပ်ကော်မတီသည် အောက်ပါလုပ်ငန်း တာဝန်များကို ဆောင်ရွက်ရမည်လို့ ပါရှိပါတယ်။ ပုဒ်မခွဲ(ဃ)မှာ သင်ယူတတ်မြောက်မှုအဆင့်ကို စစ်ဆေးအကဲဖြတ်ခြင်းနဲ့ စာမေးပွဲကျင်းပခြင်းဆိုင်ရာနည်းစနစ်များကို စိစစ်၍ ဝန်ကြီးဌာနကို တင်ပြရန်ဆိုသော ပုဒ်မ ၁၄၊ ပုဒ်မခွဲ(ဃ)နဲ့ကိုက်ညီစေရန်အတွက် ကျွန်တော်တင်ပြ ပြင်ဆင်ခြင်းဖြစ်ပါတယ်။ (၂)အချက်က ဆရာဗဟိုပြု သင်ကြားနည်းဖြင့် အလွတ်ကျက်မှတ်ပြီးဖြေဆိုရတဲ့ စာမေးပွဲစနစ်ဟာ ငယ်ရွယ်တဲ့ကျောင်းသားတွေကို ဝန်ပိစေပြီး လက်တွေ့အသုံးမချနိုင်တဲ့ ပညာရေးကနေ လွတ်ထွက်မည် မဟုတ်ပါ။ တကယ်ဆိုတော့ အခု မူလတန်းဟာ အစိုးရစစ်ဆိုပြီး စစ်တယ်။ ကလေးအရွယ်က (၁၀)နှစ်ကျော်ကျော်လေး၊ (၁၀)နှစ်လောက်ဆိုတော့ ကျက်မှတ်ရတာ အင်မတန်ပင်ပန်းပါတယ်။ ကျူရှင်ကိုလည်း ထပ်ခါ ထပ်ခါသွားရတယ်။ မိဘတွေက ကလေးတွေကို ကျူရှင်ပို့၊ ထမင်းပို့နဲ့ ဘာလည်းဆိုတော့ ဒီ အိမ်စီးပွားရေးလုပ်ငန်း ဘာမှမလုပ်ရဘဲနဲ့ ကျောင်းနေတဲ့ကလေး၊ (၄)တန်းကလေး (၁)ယောက်ရှိတာ တော်တော်ပင်ပန်းတာကို တွေ့ရပါတယ်။

အဲဒီတော့ ကျွန်တော်တို့ရဲ့ စာမေးပွဲစနစ်ကို ဘာလည်းဆိုတော့ ဒီလက်တွေ့ကျတဲ့ ပညာရေးနဲ့ ကိုက်ညီအောင် ဒါကို ကျွန်တော်တို့ စဥ်းစားဖို့လိုပါတယ်။ ပြင်ဖို့လိုပါတယ်။ နောက်တစ်ချက်က ကျွန်တော်တင်ပြလိုတာက ဘာလည်းဆိုတော့ ကျွန်တော် ဒီမှာ ဒေသအလိုက်ဆိုတာ ထည့်တာ ဘာမှမဟုတ်ဘူး။ တိုင်းရင်းသားလူမျိုးစု ကလေးတွေမှာ ဘာသာစကား အခက်အခဲကြောင့် ပိုပြီးတော့ အခက်အခဲရှိတယ်။ ဥပမာ (၁၀)နှစ်၊ (၁၁)နှစ် အရွယ်ဟာ ဘာသာစကားကို ကျွမ်းကျွမ်းကျင်ကျင်မရှိတာ အများကြီးတွေ့ရပါတယ်။ ကျွန်တော်ပင်လျှင် (၇)တန်း Scholarships မှာ အခက်အခဲတွေ့ခဲ့ဖူးတာ ကျွန်တော့်ကိုယ်တွေ့ပါ။ ဒါကို အချိန်ရလို့ ဒါကို အနည်းငယ်တင်ပြပါမယ်။ ကိုယ်တွေ့ တင်ပြလိုပါတယ်။

ကျွန်တော် (၇)တန်း၊ Scholarships ဖြေတဲ့အချိန်မှာ ၁၉၆၃ ခုနှစ်၊ ဖြေလိုက်တဲ့ ဘာသာထဲက အကောင်းချည်းပဲ၊ နောက်ပြီးတော့ အထွေထွေသိပ္ပံဘာသာရပ်မှာ အပုဒ်လိုက်အကုန်လုံး ကျွန်တော်ဖြေနိုင်တယ်။ မေးခွန်းဖတ်လိုက်ရုံနဲ့ အကုန်လုံး၊ နောက်ပြီးတော့ အပုဒ်(၁)ပုဒ်ရဲ့ (ခ)မှာ ကျွန်တော် အခက်အခဲတွေ့တယ်။ နောက်ဆုံးအပုဒ်ရဲ့ (ခ)၊ အဲဒီတော့ မေးခွန်းဖတ်ကတည်းက ဒီမေးခွန်းဟာ၊ ဒီအပိုင်းဟာ ကျွန်တော့်မှာ အခက်အခဲရှိပါတယ်။ အခက်အခဲက ဘာလဲဆိုတော့ အဲဒီမေးခွန်းမှာ နှံကောင်တစ်ကောင်၏ အကြောင်းကို အောက်ပါ ခေါင်းစဥ်အတိုင်းရေးပါတယ်။ ခေါင်းပိုင်း၊ ကိုယ်ပိုင်း ပါတယ်။ အဲဒီတော့ ကျွန်တော်က နှံကောင်ဆိုတဲ့ ဗမာလိုခေါ်တဲ့ နှံကောင်ကို ကျွန်တော် ဘာကောင်လဲလို့ ကျွန်တော် မသိဘူး။ တကယ်လို့ မွန်လိုပြောရင်တော့ ကျွန်တော်သိတယ်။

အဲဒီတော့ ဒါပေမဲ့ ကျွန်တော့် ဆရာ သင်ထားတာ ကောင်းတယ်။ ကျွန်တော် အဲဒီမေးခွန်းကြည့်လိုက်တာနဲ့ ဒီနှံကောင်ဆိုတာ အင်းဆက်အုပ်စုထဲမှာ ပါမယ်ဆိုတာ ဒီလောက်တော့ ကျွန်တော်သိတယ်။ နောက် အင်းဆက်နဲ့ ပတ်သက်ပြီးတော့ General Principle အနေနဲ့ ခေါင်းပိုင်းမှာ ဘာရှိမယ်၊ ကိုယ်ပိုင်းမှာ ဘာရှိမယ်၊ နောက် ဖင်ပိုင်းမှာ ဘာရှိမယ်ဆိုတဲ့ Principle အတိုင်းကို ကျွန်တော်ရေးဖို့ ဆုံးဖြတ်ချက်ချတယ်။ ဒါပေမဲ့ ကျွန်တော့်ဆရာက အထွေထွေသိပ္ပံဘာသာရပ်မှာ အပုဒ်တိုင်း အပုဒ်တိုင်း ပုံသေချာဆွဲပြတယ်။ ကျွန်တော်တို့ကို သေချာပုံဆွဲ လေ့ကျင့်ပေးတယ်။ လက်တွေ့ ပြပေးတယ်။ အဲဒီတော့

အဲဒီအပုဒ်ကိုကျတော့ ကျွန်တော်အတိအကျ မသိလို့ ပုံမဆွဲပြရဲဘူး။ အဲဒီ General Principle ကိုပဲ မှီငြမ်းပြီးတော့ ရေးသွားတယ်။ အောင်တယ်။ ကိုလ္ဂမီခရိုင်မှာ အဲဒီအချိန်တုန်းက မော်လမြိုင်ခရိုင် မပတ်သေးဘူး။ ကိုလ္ဂမီခရိုင်မှာ (၁၁)ယောက် Scholarships စာမေးပွဲအောင်တာ ကျွန်တော် အဆင့်(၅)မှာ ရှိပါတယ်။

အဲ့ဒီတော့ သူငယ်ချင်းတွေက နောက်ကြသေးတယ်။ ဘာလည်းဆိုတော့ အောင်ဖို့က တကယ်လို့ နှံကောင်ကို ဘာကောင်မှန်းသိတယ်ဆိုရင် အဆင့်(၁)မှာ ရနိုင်ပါတယ်လို့ ပြောပါတယ်။ အဲဒီတော့ ကျွန်တော်တို့က ဘာလည်းဆိုတော့ ဆရာက အသင်ကောင်းလို့ ကျွန်တော်တို့လည်း စဉ်းစားဉာဏ်ရှိတဲ့ အချိန်မှာ အဲဒီလိုပြဿနာမျိုး ကျွန်တော်တို့ဖြေရှင်းနိုင်ခဲ့ပါတယ်။ အဲဒီတော့ ဒီတိုင်းရင်းသားလူမျိုးစု ကလေးတွေဟာ ဒီမူလတန်းအဆင့်မှာ အားလုံးတန်းတူ၊ တစ်နိုင်ငံလုံးတန်းတူ သို့မဟုတ် တစ်ခရိုင်လုံး တန်းတူ သို့မဟုတ် တစ်မြို့နယ်လုံးတန်းတူ အဲဒီပုံစံမျိုးနဲ့ ကျွန်တော်တို့ မေးခွန်းကို ထုတ်ပြီးတော့ ဖြေခိုင်းမယ်ဆိုရင် ဒါဟာ မေးခွန်း နားမလည်တဲ့အတွက်ကြောင့် ဖြေဆိုမှုမှာ အားနည်းသွားမယ်၊ အခက်အခဲ တွေ့မယ်။

အဲ့ဒီတော့ ဒီဘာသာစကားက အခက်အခဲက ကျွန်တော်လေ့လာရတာ ပဋိယတ္တိပိုင်း မွန်သံဃာတွေ စာဘယ်လောက်ပဲ တတ်နေတတ်နေ သူ့ဘာရပ်သူဘယ်လောက်ပဲ ကျွမ်းနေကျွမ်းနေ ဗမာလို ထုတ်တဲ့ မေးခွန်းကို နားလည်ဖို့ခက်တယ်။ အဲဒီတော့ သူတို့မှာ ပဋိယတ္တိပိုင်းမှာ ဖြေရှင်းမှု တစ်ခုရှိတယ်။ ဒီမွန်သံဃာတွေအတွက် အဲဒီပုစ္ဆာ မေးခွန်းတွေကို မွန်လိုဘာသာပြန်ပေးတာရှိတယ်။ အဲဒီတော့ ဒီ ပဋိယတ္တိပိုင်းမှာ စာကျက်ပြီးတော့ ဖြေတဲ့ကိစ္စဆိုတော့ ဒီမေးခွန်းနားလည်ရင် ဒါကအားလုံး ပြေလည်တယ်။ အခု ဒီ ကျွန်တော်တို့ ကျောင်းသင်တဲ့ ဘာသာရပ်မှာ လက်တွေ့ကျကျဖြစ်ဖို့ နောက်ပြီးတော့ နားလည်ဖို့ ဘာသာစကား အခက်အခဲမရှိဖို့ အဲဒီ့အတွက်ကြောင့် အရေးကြီးတဲ့အတွက်ကြောင့် ကျွန်တော် ဒီမှာထပ်ဖြည့်တာ ဒေသအလိုက် သင့်လျော်သော နည်းဖြင့်ဆိုပြီးတော့ ကျွန်တော်ထပ်ဖြည့် တင်ပြခြင်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီ အခြေခံပညာရေးဥပဒေမှာ တိုင်းရင်းသားလူမျိုးစုတို့ရဲ့ စာပေသင်ကြားရေးနဲ့ ပတ်သက်ပြီးတော့ တော်တော်လေး လုံလောက်နေပြီး ဖြစ်တဲ့အတွက်ကြောင့် ကျွန်တော်ဆွေးနွေးခြင်း မရှိတော့တဲ့အတွက်ကြောင့် ဤမျှနဲ့ပဲ နိဂုံးချုပ်လိုက်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၄၁။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးရှုမောင် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၄၁။**

**ဦးရှုမောင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)**။ ။ ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်များ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက် ဂါရဝပြုအပ်ပါတယ်။ ကျွန်တော် က ရှမ်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၈)မှ ဦးရှုမောင် ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ဒီ ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ (၂၁)ရက်နေ့ ရက်စွဲနဲ့ အခြေခံပညာရေးဥပဒေကြမ်းအပေါ် စီစစ်တင်ပြ ခြင်းအစီရင်

ခံစာကို ဒါ ဇူလိုင်လ(၂၃)ရက်နေ့မှာ လွှတ်တော်မှာ တင်သွင်းသွားတာရှိပါတယ်။ ကျွန်တော် ဆွေးနွေးချင်တဲ့ အချက်ကတော့ ဒီအစီရင်ခံစာမှာပါတဲ့ လေ့လာတွေ့ရှိချက် စာပိုဒ် ၂၊ စာပိုဒ်ခွဲ(က)မှာ (က)ရဲ့ နောက်ဆုံးပိုင်းမှာ ကျွန်တော်တို့ တင်ပြထားချက်ကတော့ ဒီ စာပိုဒ် ၂၊ စာပိုဒ်ခွဲ(က) မူလဥပဒေရဲ့ အပိုဒ်၊ အပိုဒ်ခွဲ(ဟ)မှာဖော်ပြတဲ့ စိတ်ပိုင်းဆိုင်ရာ ပံ့ပိုးတဲ့အခြေအနေများ ဖွံ့ဖြိုးတိုးတက်အောင်ဆိုတဲ့ စကားရပ်ကို စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်စေရန် ပံ့ပိုးသည့်အခြေအနေများဆိုသည့် စကားရပ်ဖြင့် လည်းကောင်း၊ အသီးသီးအစားထိုးသင့်ကြောင်း လေ့လာတွေ့ရှိရပါတယ်လို့ တင်ပြထားတာရှိပါတယ်။

နောက်တစ်ချက်ကတော့ ဒီစာပိုဒ် ၂၊ စာပိုဒ်ခွဲ(စ)ရဲ့ အောက်ဆုံးပိုင်းမှာလည်းပဲ အလားတူ တစ်ခု ကျွန်တော်တို့ ပြင်ဆင်ချက်တစ်ခုရှိပါတယ်။ ဒါကတော့ စာပိုဒ် ၂ စာပိုဒ်ခွဲ(စ)မှာ မူလဥပဒေရဲ့ အပိုဒ် ၂၆ ကို ၂၄ လို့ပြင်ဆင်ပြီး အပိုဒ်ခွဲ(ဆ)ကို (စ)ဟု အစဉ်ပြောင်းကာ ယင်းတွင်ဖော်ပြထားသော စကားရပ်များအစား တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အလိုက် သင်ရိုးညွှန်းတမ်း ပံ့ပိုးမှုအဖွဲ့များကို ဖွဲ့စည်းဆောင်ရွက်ရာတွင် လမ်းညွှန်ပံ့ပိုးမှုပေးခြင်းဆိုတဲ့ စကားရပ်ဖြင့်လည်းကောင်း အသီးသီးအစားထိုး ပြင်ဆင်သင့်ကြောင်း လေ့လာတွေ့ရှိရပါတယ်လို့ ဖတ်ကြားတင်ပြသွားတာရှိပါတယ်။ အဲဒီတော့ကျွန်တော့် အနေနဲ့ တင်ပြချင်တာကတော့ ကျွန်တော်ဟာ မြန်မာစာ မြန်မာစကားလုံးများကို အထူးကျွမ်းကျင်တဲ့သူ မဟုတ်ပါဘူးဆိုတာကို ပဏာမတင်ပြလိုပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ဒီ ကျွန်တော်တို့ ဒီမှာတင်ပြချင်တဲ့အချက်ကတော့ ဒီမှာ စကားလုံးသုံးနှုန်းထားတဲ့ ပံ့ပိုးဆိုတဲ့ စကားလုံးတွေကို ဒါသုံးစွဲတဲ့နေရာမှာ ပြန်လည်စဉ်းစားဖို့ ကျွန်တော်တင်ပြလိုခြင်း ဖြစ်ပါတယ်။

တကယ်တော့ မြန်မာစာရေးသားရာမှာ အကြောင်းအရာပေါ်မူတည်ပြီး စကားလုံးကွဲယ်ဝမှုတွေ၊ အဓိပ္ပာယ်လေးနက်မှုတွေရှိပြီး ဒူးနေရာဒူးတော်နေရာတော် သုံးစွဲဖို့ အစီအစဉ်ရှိပြီးသားဆိုတာလည်း ကျွန်တော် နားလည်ပေးပါတယ်။ အဲဒီတော့ ဒီနေရာမှာ ပံ့ပိုးဆိုတဲ့ စကားလုံးဟာ ကျွန်တော်တို့ လွယ်လွယ် နားလည်ရမယ်ဆိုရင် ပေးကမ်းခြင်းဆိုတဲ့ သဘောမျိုးသက်ရောက်ပါတယ်။ အဲဒီတော့ ပေးကမ်းခြင်းနဲ့ ပတ်သက်လို့ရေးသားတဲ့ တင်ပြတဲ့ နေရာမှာ ပြောဆိုတဲ့နေရာမှာ တစ်ဦးနဲ့တစ်ဦးသော်လည်းကောင်း၊ တစ်ဖွဲ့နဲ့တစ်ဖွဲ့သော်လည်းကောင်း၊ အချင်းချင်းသော်လည်းကောင်း၊ ကျွန်တော်တို့ ဒါပြောဆိုတဲ့အခါမှာ အဆင့်အလိုက် ဆက်ကပ်တယ်တို့ လှူဒါန်းတယ်တို့၊ ဆက်သတယ်တို့၊ ချီးမြှင့်တယ်တို့၊ မျှဝေပေးတယ်တို့၊ ပေးကမ်းစွန့်ကြဲတယ်တို့၊ ထောက်ပံ့တယ်တို့၊ ကူညီတယ် ဆိုတဲ့စကားလုံးတွေဟာ ဒါ အချင်းချင်း မုဒိတာပွားဖို့ရာ စကားများအဖြစ် ဒါ အစဉ်အလာကို ဉာဏ်နဲ့ယှဉ်ပြီး သုံးစွဲရမှာလို့ ကျွန်တော် ဒီလိုပဲ နားလည်ပါတယ်။ အဲဒီတော့ တစ်ဦးနဲ့တစ်ဦး အချင်းချင်းသော်လည်းကောင်း၊ ဒါ အပြစ်တင်စရာတွေ၊ နှာခေါင်းရှုံ့စရာတွေ၊ မေးငေါ့စရာတွေ၊ အတင်း သတင်း တိုးတိုးပြောစရာများ ကြုံလာရင်တော့ ဒါပံ့ပိုးဆိုတဲ့ စကားလုံးကို သုံးစွဲလေ့ရှိကြောင်းလည်း ကျွန်တော် ဖတ်ရှုလေ့လာမိပါတယ်။ ပံ့ပိုးဆိုတဲ့ စကားလုံးရဲ့ အဓိပ္ပာယ်ကတော့ အဆိုးဘက်ကိုကျရောက်နေပြီ မကောင်းတဲ့ အဓိပ္ပာယ်ကိုဆောင်တဲ့အကြောင်း သိရှိထားရပါတယ်။

ဒါကြောင့်မို့ ကျွန်တော်တို့ ဥပမာအားဖြင့် ဒီလူဘယ်တော့မှ လူမွေးသူမွေးပြောင်မှာမဟုတ်ဘူး။ ရသမျှ တိတ်တိတ်ပုန်း မယားကို မယားငယ်ကို ပံ့ပိုးနေရတာကိုးလို့ ပြောသွားတာမျိုး။ ဒါမှမဟုတ်ရင် ဒီကောင်လေး ပြောင်ပြောင်ရောင်ရောင်ဖြစ်နေမှာပေါ့ သူ့သူဌေးကတော်က သူ့လင်မသိအောင် သူ့ကို ပံ့ပိုးနေတာကိုး စသည်အားဖြင့် သုံးနှုန်းတယ်လို့ ကျွန်တော် ကြားဖူးပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ဒီ

ဒါကြောင့်မို့ ကျွန်တော်တို့ မိဘက သားသမီးကို ပံ့ပိုးတာမဟုတ်ဘဲ ပေးကမ်းတယ်တို့၊ လူမှုရေး အသင်းအဖွဲ့တွေက ရေဘေးဒုက္ခသည်တွေကို ပံ့ပိုးတာမဟုတ်ဘဲ ကူညီတယ်တို့၊ အထက်အရာရှိက လက်အောက်ငယ်သားကို ပံ့ပိုးတာမဟုတ်ဘဲ ထောက်ပံ့တာတို့၊ ဆရာတော်ဘုရားက ဒကာတွေကို ပံ့ပိုးတာမဟုတ်ဘဲ စွန့်ကြဲတယ်တို့၊ နိုင်ငံတကာအဖွဲ့အစည်းတွေက မြန်မာနိုင်ငံကို ပံ့ပိုးခြင်းမဟုတ်ဘဲ ကူညီတယ်ဆိုပြီးတော့ ကျွန်တော်တို့ ပြောဆိုရေးသားရမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ အခြေခံပညာရေးနဲ့ ပတ်သက်လို့ ဥပဒေကြမ်းကော်မတီ အစီရင်ခံစာမှာ ပါရှိတဲ့အတိုင်း ပြင်ဆင်ရာမှာ ဒီပံ့ပိုးဆိုတဲ့ စကားလုံးကို သင့်လျော်ရာစကားလုံးနဲ့ ပြောင်းလဲသင့်တယ်လို့ ကျွန်တော်တို့ ယူဆတဲ့အတွက်ကြောင့် ကျွန်တော် လွှတ်တော်ကို တင်ပြခြင်း ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၄၆။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များရဲ့ ဆွေးနွေးချက်များနဲ့ ပတ်သက်ပြီး အမျိုးသားလွှတ်တော် ဥပဒေကြမ်း ကော်မတီ က ပြန်လည်ကြားနာ ဆောင်ရွက်ဖို့ ဆုံးဖြတ်ပါတယ်။

## ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက လက်နက်အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ် တစ်ဦးက ထောက်ခံခြင်း

**အချိန်၊ ၁၀း၄၆။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၈)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၈၇၊ နည်းဥပဒေခွဲ(က) အရ လက်နက်အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသား လွှတ်တော်က ဆွေးနွေးစဉ်းစားရန် အဆိုကို ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး က အမျိုးသားလွှတ်တော်သို့ တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၇။**

**ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်း (ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါတဲ့ အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ပြည်ထဲရေးဝန်ကြီးဌာနက ပြင်ဆင်ရေးဆွဲထားတဲ့ လက်နက်အက်ဥပဒေ The Arms 1878 ကို ပြင်ဆင်တဲ့ ဥပဒေကြမ်းနဲ့ စပ်လျဉ်းလို့ အမျိုးသားလွှတ်တော်ကနေ လက်ခံဆွေးနွေးပေးနိုင်ပါရန် ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရဲ့ ကိုယ်စား ကျွန်တော် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်း က အဆိုတင်သွင်းသွားမှာ ဖြစ်ပါတယ်။

လက်နက်အက်ဥပဒေ The Arms 1878 ကို ၁၈၇၈ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှာ အိန္ဒိယ အက်ဥပဒေအမှတ် ၁၁/၁၈၇၈ နဲ့ ပြဋ္ဌာန်းခဲ့ပြီးတော့ ပုဒ်မ ၃၃ ခု ပါဝင်ပါတယ်။ လွှတ်တော် ကော်မတီအသီးသီးရဲ့ စိစစ်လေ့လာတွေ့ရှိချက်များအရ လက်နက်အက်ဥပဒေရဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်များမှာ လက်ရှိခေတ် အခြေအနေမှာ အသုံးပြုကျူးလွန်နေတဲ့ လက်နက်များ မပါရှိခြင်း၊ အချို့သော ဥပဒေစကားရပ် အသုံးအနှုန်းများဟာ ခေတ်ကာလအခြေအနေနဲ့ ဆီလျော်မှုမရှိခြင်း၊ သတ်မှတ်ပြဋ္ဌာန်းထားတဲ့ ငွေဒဏ်ဟာလည်း လက်ရှိငွေကြေးတန်ဖိုးများနဲ့ ကိုက်ညီမှုမရှိခြင်း၊ ပြစ်မှုကျူးလွန်သူတွေကို

ထိရောက်ဟန့်တားလောက်တဲ့ ပြစ်ဒဏ်ချမှတ်ရန် လိုအပ်ခြင်းတို့ကြောင့် လက်နက်အက်ဥပဒေကို ပြင်ဆင်တဲ့ ဥပဒေကြမ်းအား ရေးဆွဲဆောင်ရွက်ရခြင်း ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ခေတ်ကာလ အခြေအနေနဲ့ လျော်ညီစွာ ရေးဆွဲထားတဲ့ လက်နက်အက် ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်မှ လက်ခံဆွေးနွေးပေးနိုင်ရန် အဆို တင်သွင်းအပ်ပါတယ်။

**အချိန်၊ ၁၀း၄၉။**

**ဥက္ကဋ္ဌ။** ။ အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်ကို ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၀း၄၉။**

**ဦးသော်ဇင်ဦး၊ မကွေးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက လက်နက်အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်မှ ဆွေးနွေးစဉ်းစားရန် အဆိုတင်သွင်းခြင်းကို မကွေးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၉) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသော်ဇင်ဦး က ထောက်ခံပါတယ်ခင်ဗျား။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက လက်နက် အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား လက်ခံဆွေးနွေးစဉ်းစားရန် သင့်/မသင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း

**အချိန်၊ ၁၀း၄၉။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လက်နက် အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား လွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင် ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

လက်နက်အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် သင့်/ မသင့် လွှတ်တော်ရဲ့ သဘောထား ရယူမှာဖြစ်ပါတယ်။

လက်နက် အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ဆွေးနွေးစဉ်းစားရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် လက်နက်အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော် က ဆွေးနွေးစဉ်းစားရန်ဖြစ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ သို့မဟုတ် ယင်းက တာဝန်ပေးအပ်သည့်ပုဂ္ဂိုလ်က လက်နက်အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းခြင်း

**အချိန်၊ ၁၀း၅၀။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၁၀)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လက်နက်အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီက ဖတ်ကြားတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၅၀။**

**ဦးခင်မောင်ရီ (ဥက္ကဋ္ဌ၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဥက္ကဋ္ဌကြီးအား အမှူးထား၍ ပြည်ထောင်စု အဆင့်အဖွဲ့အစည်းဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်ကြီးများနဲ့ ကော်မရှင်အဖွဲ့ဝင်များအားလုံးကို လေးစားစွာ ဂါရဝပြုပါတယ်။ ကျွန်တော့်အနေနဲ့ ဥပဒေကြမ်းကော်မတီရဲ့ကိုယ်စား လက်နက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာကို တင်သွင်းသွားမှာ ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏**
**လက်နက်အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာ**

စာအမှတ်၊ ၁/အမ(ကော်မတီ-၁) ၁/၂၀၁၅-၅၆၆

ရက်စွဲ၊ ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၁၂ ရက်

၁။ ပြည်ထောင်စုလွှတ်တော်က လက်နက်အက်ဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်တွင် စတင်ဆွေးနွေးနိုင်ပါရန် (၁၇-၈-၂၀၁၅)ရက်နေ့တွင် ပေးပို့လာပါသည်။ ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ (၂၄-၈-၂၀၁၅) ရက်နေ့တွင် ဆွေးနွေးညှိနှိုင်းခဲ့ပါသည်။

**လေ့လာတွေ့ရှိချက်**

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် လက်နက်အက် ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို လေ့လာစိစစ်ရာ အချို့အပိုဒ်များကို အဆိုပြုချက်အတိုင်း အတည်ပြုပြီး အချို့အပိုဒ်များကို အောက်ပါအတိုင်း ပြင်ဆင်သင့်ကြောင်း တွေ့ရှိရပါသည်-

(က) ခေတ်ကာလနှင့် လျော်ညီသော ငွေဒဏ်များ ချမှတ်နိုင်ရန်အတွက် အပိုဒ် ၄ တွင် ဖော်ပြထားသော Shall be punished with imprisonment for a term which may extend from a minimum of six months to a maximum of five years and shall also be liable to fine not exceeding five hundred thousand kyats ဆိုသည့်စကားရပ်ကို Shall be punished with imprisonment for a term which may extend to five years, or with fine not exceeding five hundred thousand kyats, or with both ဆိုသည့်စကားရပ်ဖြင့် ပြင်ဆင်သင့်ပါသည်။

(ခ) ဤဥပဒေကြမ်းအပိုဒ် ၅ ပါ လက်နက်အက်ဥပဒေပုဒ်မ ၁၉-က သည် ၁၉၅၁ ခုနှစ် တွင် လက်နက်(ယာယီပြင်ဆင်ချက်)အက်ဥပဒေ [TheArms (Temporary Amendment) Act, Act LI,1951]အရ လက်နက်အက်ဥပဒေ ပုဒ်မ ၁၉ ၏ နောက်တွင် ပုဒ်မ

၁၉-က အဖြစ် ထိုစဉ်ကာလက နိုင်ငံတော်ပုန်ကန်မှုကျူးလွန်ရန် ရည်ရွယ်ချက်ဖြင့် လက်နက်နှင့်ခဲယမ်းမီးကျောက်များကို ကိုင်ဆောင်သွားလာခြင်း၊ လက်ဝယ်ထားခြင်း သို့မဟုတ် ကြီးကြပ်မှုအောက်တွင် ထားရှိခြင်းအတွက် ထောင်ဒဏ်(၇)နှစ်အထိ ပြစ်ဒဏ်ချမှတ်ရန် ယာယီအဖြစ် သီးခြားပြဋ္ဌာန်းခဲ့ခြင်း ဖြစ်ပါသည်။ ထိုယာယီ ပြင်ဆင်ချက် အက်ဥပဒေပုဒ်မ ၁ တွင် နိုင်ငံတော်သမ္မတက အမိန့် ကြော်ငြာစာထုတ်ပြန်၍ အာဏာတည်ခြင်းမှ ရပ်စဲရမည်ဟု ထုတ်ပြန်သည့်နေ့ မတိုင်မီအထိ အာဏာတည်ရမည်ဆိုသည့် ပြဋ္ဌာန်းချက်မှာ ထိုအက်ဥပဒေကို ရုပ်သိမ်းရန် နိုင်ငံတော်သမ္မတတွင် အာဏာရှိသည့် သဘောဖြစ်သောကြောင့် ယခု ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ကိုက်ညီမှု မရှိခြင်း၊ ထို ၁၉၅၁ ခုနှစ်၊ လက်နက် (ယာယီပြင်ဆင်ချက်)အက်ဥပဒေမှာ ယခုအချိန်အထိ ကျင့်သုံးပြီး အာဏာတည်ဆဲ ဖြစ်နေခြင်းတို့ကြောင့် ထိုပုဒ်မ ၁၉-က ကို ယာယီအဖြစ် ပြဋ္ဌာန်းထားခြင်း မပြုဘဲ လက်နက် အက်ဥပဒေ ပုဒ်မ ၁၉ ၏နောက်တွင် ပုဒ်မ ၁၉-က ကို ယခုပြင်ဆင်လိုသည့် ပြစ်ဒဏ်ကို ထည့်သွင်းစဉ်းစား၍ အောက်ပါအတိုင်း ဖြည့်စွက်ပြဋ္ဌာန်းသင့်ပါသည်။ ဤသို့ ဖြည့်စွက်ပြဋ္ဌာန်းပါက အဆိုပါ ၁၉၅၁ ခုနှစ်၊ လက်နက် (ယာယီ ပြင်ဆင်ချက်) အက်ဥပဒေကို ရုပ်သိမ်းကြောင်း နောက်ဆုံးအပိုဒ်တွင် ဖြည့်စွက် ဖော်ပြသင့်ပါသည် -

၅။ လက်နက်အက်ဥပဒေပုဒ်မ ၁၉ ၏နောက်တွင် ပုဒ်မ ၁၉-က အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

19 A,Whoever with the intention of committing the offence of High Treason, and, in contravention of the provisions of section 13 or section 14 or section 15, goes armed with , or has in his possession or under his control, any of the following types of arms or ammunition or military stores, Namely;-

(i) Small arms, such as –

(a) Rifles,

(b) Light Automatic, Sten Gun, Bren Gun,Tommy Gun, Browning, American ˙300 Carbine,

(ii) Light Machine Gun or ammunition there of,

(iii) Mortar or ammunition thereof,

(iv) Heavy Machine Gun, such as Vickers Machine Gun, Browning Machine Gun, Besa Machine Gun, Japanese Heavy Machine Gun, Anti-Tank Weapon, and any variety of Field Artillery, Light Anti-Aircraft Gun, Aircraft Cannon or ammunition thereof,

(v) Live Hand Grenade,

(vi) Live Rifle Grenade,

(vii) Live Mortar Bomb,

(viii) Demolition Explosives,

or any other arms or ammunition of the description which the President of the Union may, by notification, declare in this behalf, shall be punished with rigorous imprisonment for a term which may extend to seven years and shall also be liable to fine not exceeding five hundred thousand kyats:

Provided that, notwithstanding anything to the contrary contained in any other law for the time being in force, it shall be presumed, until the contrary is proved, in a prosecution under this section, that the person found going armed with, or in possession of, or having under his control any of the arms, ammunition or military stores specified herein, had the intention of committing the offence of High Treason.

(ဂ) အပိုဒ် ၆ တွင် ဖော်ပြထားသော Shall be punished with imprisonment for a term which may extend from a minimum of three years to a maximum of seven years and shall also be liable to fine not exceeding five hundred thousand kyats ဆိုသည့် စကားရပ်ကို Shall be punished with imprisonment for a term which may extend to seven years and shall also be liable to fine ဆိုသည့် စကားရပ်ဖြင့် အစားထိုးပြင်ဆင်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(ဃ) အရေးအသားဆီလျော်မှုရှိစေရန်အတွက် အပိုဒ် ၁၀ တွင် ဖော်ပြထားသော administrator of the Department of Township General Administration ဆိုသည့် စကားရပ်ကို District Administrator of the General Administration Department ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း အစားထိုးပြင်ဆင်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(င) မြန်မာစာအရေးအသား အသုံးအနှုန်း မှန်ကန်မှုရှိစေရန်အတွက်လည်းကောင်း၊ ဥပဒေရေးထုံးမှန်ကန်မှုရှိစေရန် အတွက်လည်းကောင်း၊ ပြောင်းလဲသွားသည့် အမှတ်စဥ်များအတိုင်း လိုအပ်သည်များကိုလည်း တစ်ပါတည်း ပြင်ဆင်ခဲ့ပြီး ဖြစ်ပါကြောင်းနှင့် ပြင်ဆင်ချက် အပြည့်အစုံကို နောက်ဆက်တွဲ ကန့်လန့်ဖြတ်ဇယားဖြင့် ပူးတွဲတင်ပြအပ်ပါသည်။

**ကော်မတီ၏သဘောထားမှတ်ချက်**

၃။ သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် လက်နက်အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် အသေးစိတ်ညှိနှိုင်းဆွေးနွေးခဲ့ပြီး ပြင်ဆင်ဖြည့်စွက်ထားခြင်း ဖြစ်ပါ ၍ အမျိုးသား လွှတ်တော်က အတည်ပြုဆောင်ရွက်နိုင်ပါရန် အစီရင်ခံတင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

ကျေးဇူးတင်ပါတယ်။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက လက်နက်အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၅၇။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ လက်နက်အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးလိုသည့် အကြောင်း အရာအကျဉ်းချုပ်ကို ဖော်ပြလက်မှတ်ရေးထိုးပြီး ၂၀-၁၁-၂၀၁၅ ရက် (သောကြာနေ့)ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် တတိယနေ့အစည်းအဝေး ရပ်နားကြောင်းနှင့် စတုတ္ထနေ့အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**အချိန်၊ ၁၀း၅၇။**

**ဥက္ကဋ္ဌ။** ။ ယခု အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး တတိယနေ့ ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး စတုတ္ထနေ့ ကို ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက် (ကြာသပတေးနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက် ကျင်းပမှာ ဖြစ်ကြောင်း ကြေညာပါတယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်တို့ ဥပဒေများ၊ ကျွန်တော်တို့ ဥပဒေကြမ်းများနဲ့ ပတ်သက်လို့ ဆွေးနွေးခြင်း၊ အတည်ပြုခြင်းများ ဆောင်ရွက် ရန် ရှိသည့်အတွက်ကြောင့်မို့လို့ ကြာသပတေးနဲ့ သောကြာနေ့မှာ တစ်နေကုန် ဆောင်ရွက်သွားမှာ ဖြစ် ကြောင်း သိရှိနိုင်ပါရန် ကြိုတင် တင်ပြထားပါတယ်ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး တတိယနေ့ကို ၁၀း၅၈ နာရီအချိန်တွင် ရပ်နားပါသည်။]